Funded by: UKaid

Towards Results in Education & English

# အားလုံးအကျုံးဝင်သင်ကြားရေးအလေ့အကျင့်

## သင်တန်းသားစာအုပ်



Source: VSO Image library

# သင်ရိုးပိုင်း ၇

# တက်ကြွစွာ ပါဝင်ခြင်း

Implemented by: British Council, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

# သင်ရိုးပိုင်း ၇။ တက်ကြွစွာ ပါဝင်ခြင်း

## ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို သင်ယူသူအားလုံးအတွက် မည်သို့ ဖန်တီးနိုင်ကြောင်း ကြည့်ရှုလေ့လာသည့် **သင်ရိုးပိုင်း ၁၅ ခုမှ သတ္တမပိုင်း**ဖြစ်ပါသည်။ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ကြားရေး အလေ့အကျင့်များသည် ၂၁ ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်း ဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ ဤသင်ရိုးပိုင်းများသည် မြန်မာနိုင်ငံရှိ ပညာသင်ကြားသူများနှင့် ပညာရေးကိုလေ့လာသင်ယူနေသူများအတွက် ဖြစ်ပါသည်။ ကျောင်းသူ/သားနှင့် သင်ယူသူဟူသော ဝေါဟာရများကို သင်ရိုးပိုင်းတစ်လျှောက် လဲလှယ်သုံးစွဲသွားပါမည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း |
| ၂ | သင်ယူသူများကိုသိရှိခြင်း |
| ၃ | အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း |
| ၄ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း |
| ၅ | အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း |
| ၆ | ထိရောက်စွာ မေးခွန်းမေးခြင်းနှင့် တုံ့ပြန်ဖြေကြားခြင်း |
| **၇** | **တက်ကြွစွာပါဝင်ခြင်း** |
| ၈ | အချင်းချင်းထံမှသင်ယူခြင်း၊ ပါဝင်ကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့်သင်ယူခြင်း |
| ၉ | ကျောင်းသူ/သားတို့၏ စိတ်ခံစားချက်နှင့် လူမှုကိစ္စတွင် သာစေမာစေရေး ပံ့ပိုးပေးခြင်း |
| ၁၀ | မြန်မာနိုင်ငံ အားလုံးအကျုံးဝင်မှုဆိုင်ရာ ဥပဒေမူဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း |
| ၁၁ | တစ်ဦးချင်းစီ၏လိုအပ်ချက်များကို ဖြည့်ဆီးခြင်းဖြင့် ကျောင်းသူ/သားအားလုံးကို ပံ့ပိုးခြင်း |
| ၁၂ | ကျောင်းသူ/သားတို့ တွေ့ကြုံရသည့်အခက်အခဲများကို တိတိကျကျဖော်ထုတ်ခြင်း |
| ၁၃ | ကွဲပြားခြားနားမှုများရှိသော၊ မသန်စွမ်းသော သင်ယူသူများအားလုံးကို ပံ့ပိုးခြင်း |
| ၁၄ | အပြုသဘောဆောင်သည့်အမူအကျင့်ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ခြင်း |
| ၁၅ | ကျောင်းသူ/သားများ သင်ယူမှု ပေါက်မြောက်ရေးအတွက် စစ်ဆေးအကဲဖြတ်ခြင်း |

ဤသင်ရိုးပိုင်းသည် သင်ယူမှုတွင်ကျောင်းသူ/သားများ ကိုယ်တိုင်ကိုယ်ကျပါဝင်လာစေရေးကို တွေးတောရာတွင် အထောက် အကူ ပြုပါမည်။ သင်တန်းတစ်လျှောက် ဆရာ/မအနေဖြင့် မိမိကိုယ်တိုင်၏ အားလုံးအကျုံးဝင် အလေ့အကျင့်ကို ပြန်လည် သုံးသပ်နိုင်စေရန် တိုက်ဆိုင်စစ်ဆေးမည့်စာရင်းတစ်ခု ပေးထားပါသည်။ မိမိ၏စဉ်းစားဆင်ခြင်သုံးသပ်ချက်များကို သင်ယူမှု

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid


ဂျာနယ်တွင် မှတ်တမ်းတင်စေမည်ဖြစ်သောကြောင့် မှတ်စုကောင်းကောင်းရေးပြီး မိမိ၏ လက်ရှိနှင့် အနာဂတ်အလေ့အကျင့် အကြောင်း စေ့စေ့စပ်စပ်၊ နက်နက်နဲနဲတွေးတောရန် အရေးကြီးပါသည်။

ဤ ဆရာအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး(CPD)သင်ရိုးသည် သင်နှင့်လုပ်ဖော်ကိုင်ဖက်များအကြား လုပ်ငန်းတူအုပ်စုများ ဖော်ဆောင်ရန်လည်း အားပေးပါသည်။ မိမိသင်ကြားရေးတွင် အားလုံးအကျုံးဝင်သည့် အလေ့အကျင့်များ အသုံးပြုမှုကို ပံ့ပိုးပေးကာ ပိုမိုကျယ်ပြန့်စေမည်ဖြစ်ပြီး ဆရာအတတ်သင်ကျောင်းသူ/သားများ၏ သင်ယူမှုနှင့် အနာဂတ်လုပ်ငန်းခွင် အလေ့အကျင့်အတွက် အားလုံးအကျုံးဝင်မှုကို အခြေပြု တည်ဆောက်စေနိုင်မည်ဖြစ်ပါသည်။

## သင်ယူမှုဂျာနယ်

သင်ရိုးပိုင်းတစ်လျှောက် မိမိ၏ ပြန်လည်သုံးသပ်ချက်များကို သင်ယူမှုဂျာနယ်အတွင်း ရေးမှတ်ထားလျှင် အသုံးဝင်နိုင်ပါသည်။

သင်ယူမှုဂျာနယ်သည် ဒစ်ဂျစ်တယ် (ဥပမာ Word သို့ Google Docs)သော်လည်းကောင်း၊ စာရွက်အပေါ်သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ မိမိအတွေးများကိုသူတစ်ပါးနှင့်ဝေမျှလိုလျှင် ဂျာနယ်စာမျက်နှာများကိုဓာတ်ပုံရိုက်နိုင်ပါသေးသည်။ စိတ်ကူးများ၊ အတွေးအမြင်များကို နောင်လုပ်ဆောင်ချက်များနှင့် မိမိ၏သင်ကြားရေးတွင် သုံးနိုင်သောကြောင့် မှတ်တမ်းတင်ထားရန် အရေးကြီးပါသည်။



Source: Rose, N. (2018) Personal Learning Journals

အောက်ပါတို့သည် သင်ယူမှုဂျာနယ်ကောင်းတစ်ခုအတွက်အသုံးဝင်မည့် အကြံပြုချက်အချို့ဖြစ်ပါသည်။

- ဂျာနယ်တွင်းရေးသွင်းသမျှ ခေါင်းစဉ်နှင့် ရက်စွဲထည့်ပါ။
- လုပ်ဆောင်ချက်နှင့် ဆက်စပ်သည့် ဆင်ခြင်သုံးသပ်မှုများအတွက် သက်ဆိုင်ရာလုပ်ဆောင်ချက်နံပါတ်ကို သုံးပါ။ ဥပမာ လုပ်ဆောင်ချက် ၁.၁။
- အထောက်အကူဖြစ်သည့် အခြားမည်သည့် အရင်းအမြစ်ကိုမဆို ရည်ညွှန်းပါ။
- လုပ်ဆောင်ချက်အဖြေကို မှတ်သားပါ။
- မိမိ၏သင်ယူမှုအကြောင်း သုံးသပ်ချက်ရေးပါ။
- ဝေါဟာရအသစ်များကို ရေးမှတ်ပါ။
- ဆက်လက်လေ့လာလိုသော အကြောင်းအရာများကို ဖော်ထုတ်ပါ။

မိမိအသုံးပြုရလွယ်ကူရန် အရေးကြီးပါသည်။ အောက်ပါ လွယ်လွယ်ရှင်းရှင်းမေးခွန်းများကို ဖြေကြားသည့် မှတ်စုများ ရေးနိုင်သည်။

Implemented by: British Council, The Open University, VSO, montrose

Funded by:

ဒီနေ့ဘာလေ့လာခဲ့သလဲ။

မိမိအလုပ်မှာ ဘယ်လိုသုံးနိုင်မလဲ။

လွယ်ကူသလား။ ခက်ခဲသလား။ ဘာကြောင့်လဲ။

မိမိ/မိမိကျောင်းသူ/သားများကို ဘယ်လိုကူညီနိုင်မလဲ။

ဒီခေါင်းစဉ်အကြောင်း ဘာလေ့လာဖို့ လိုသေးသလဲ။

ဤမေးခွန်းများသည် တစ်ကမ္ဘာလုံးတွင် အသုံးပြုသည့် သင်ယူ/အသုံးချ/သုံးသပ် (learn, apply, reflect) စံပြုပုံစံကို ကျင့်သုံးကြောင်း တွေ့နိုင်ပါသည်။ CPD ခရီးနှင်ရင်း ဂျာနယ်ကိုပြန်ကြည့်ပြီး တိုးတက်မှုကို ပြန်လည်သုံးသပ်နိုင်ပါသည်။

## လေ့လာနည်းအကြံပြုချက်

ယူနစ်တစ်ခုလုံး တစ်ကြိမ်တည်းအကုန်ပြီးအောင် လုပ်မည့်အစား လုပ်ဆောင်ချက်များကို အချိန်ယူလုပ်ပါ။ အချိန်ဇယား တစ်ခု ဆွဲပြီး အချိန်တစ်ခုရွေးချယ်ကာ လုပ်ဆောင်ဖွယ်များလုပ်ပါ။ ထို့နောက် လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ပြီး စစ်ဆေးပါ။ နောက်ဆုံး လုပ်ရင်းကိုင်ရင်း သင်ယူမှုဂျာနယ်တွင် မှတ်စုကို မှတ်မှတ်ရရရေးပါ။ ယူနစ်များပြီးအောင်လုပ်ရင်း မိမိတွင် ဖွံ့ဖြိုးလာသည့် ကျွမ်းကျင်မှုနှင့်အသိပညာများကို ပိုမိုမှတ်မိရန် အထောက်အကူပြုပါလိမ့်မည်။

## တစ်ဦးချင်း (သို့) လုပ်ငန်းဖော်များနှင့်လုပ်ကိုင်ခြင်း


ဤယူနစ်ကို ကိုယ်တိုင်လေ့လာနိုင်ရန် (သို့) ဆရာမှဦးဆောင်ရန်  ပုံစံချမှတ်ထားပါသည်။ အဖြေကို လုပ်ဆောင်ချက် အဆုံးတွင် တွေ့နိုင်ပါသည်။ သို့ရာတွင် အတွေးအမြင်နှီးနှောရန်၊ မေးခွန်းမေးရန်၊ မိမိလုပ်ထားသည်ကိုစစ်ဆေးရန်နှင့် သုံးသပ်ချက်ပေးရန် ဖြစ်နိုင်လျှင် **နှစ်ယောက်တွဲ သို့မဟုတ် အုပ်စုဖွဲ့**လုပ်ဆောင်ရန် အကြံပြုအပ်ပါသည်။

အုပ်စုဖွဲ့လုပ်ဆောင်လျှင် 'Think, pair, share'နည်းကို သုံးရန်အကြံပြုအပ်ပါသည်။

Implemented by:

Funded by: UKaid

Towards Results in Education & English




တစ်ဦးချင်း မိမိအတွေးအမြင်များကို မှတ်စုတိုရေးပါ။

အတန်းဖော်တစ်ဦးနှင့် အဖြေတိုက်ပါ။

မိမိအတွေးအမြင်များကို အုပ်စုဖွဲ့ ဆွေးနွေးကာ နောက်စာမျက်နှာတွင် အဖြေအတူတူတိုက်ကြရန်။

## သင်ရိုးပိုင်း ၇ သင်ယူမှုရလဒ်များ

**ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့် အောက်ပါတို့ကို သင် လုပ်ဆောင်နိုင်ပါမည်။**

**၁. ကျောင်းသူ/သားများကိုယ်တိုင်ကိုယ်ကျ သင်ယူမှုတွင်ပါဝင်လာအောင် အတန်းပြောင်းပြန်သင်ယူပုံကို သရုပ်ပြခြင်း**

**၂. စူးစမ်းမှု/ပြဿနာအခြေပြုသင်ယူမှုနှင့်ထိထိရောက်ရောက်အုပ်စုဖွဲ့လုပ်ကိုင်ပုံကို သရုပ်ပြခြင်း**

**၃. ပြန်လည်သုံးသပ်မှု၊ လက်တွေ့နှင့်သဘောတရားနှိုင်းယှဉ်မှုဖြင့် စူးစမ်းမှုအခြေပြုသင်ယူမှုလုပ်ငန်းတွင် မိမိကိုယ်တိုင် ပါဝင်ပုံကို ဆန်းစစ်ခြင်း**

**၄. ပြန်လည်သုံးသပ်မှု၊ လက်တွေ့နှင့်သဘောတရားနှိုင်းယှဉ်မှုဖြင့် ပြဿနာအခြေပြုသင်ယူမှုလုပ်ငန်းတွင် မိမိကိုယ်တိုင် ပါဝင်ပုံကို ဆန်းစစ်ခြင်း**

**၅. စူးစမ်းမှု/ပြဿနာအခြေပြုသင်ယူမှုလုပ်ဆောင်ချက်ကို ပုံစံချမှတ်ရေးဆွဲခြင်း**

Implemented by: British Council, The Open University, VSO, montrose

## ၁. နိဒါန်း

ပြီးခဲ့သည့်သင်ရိုးပိုင်းတွင် သင်ယူမှုတွင် ကျောင်းသူ/သားအားလုံးပါဝင်လာစေရေးကိုအားပေးရန် အောက်ပါ နည်းလမ်းများကို ဦးတည်စူးစိုက်ခဲ့ပါသည်။

- ကျောင်းသူ/သားဗဟိုပြု သင်ကြားသင်ယူမှုအတွက် ချဉ်းကပ်မှု
- သေချာကျနသည့်အုပ်စုဖွဲ့ပုံအဖုံဖုံနှင့် အုပ်စုတွင်း အခန်းကဏ္ဍမျိုးစုံအသုံးပြုခြင်း
- ကျောင်းသူ/သားအားလုံး စိတ်အားတက်ကြွပြီးလုံခြုံသည့် အပြုသဘောဆောင်သော သင်ယူမှုဝန်းကျင် ဖန်တီးခြင်း
- မေးခွန်းမျိုးစုံအသုံးချရန်အားပေးခြင်း
- ဆက်လက်ပါဝင်ရန်နှင့်သင်ယူရန်အားပေးသည့် တုံ့ပြန်ဖြေကြားပေးမှုကို သင်ယူစဉ်ပေးခြင်း

အထက်ပါအချက်တစ်ခုချင်း၌ ကျောင်းသူ/သားများ၏ပါဝင်သင်ယူမှုက အရေးကြီးပါသည်။ ပိုမိုစိတ်ပါဝင်စားလေ ပိုမိုပါဝင်လုပ်ဆောင်လေဖြစ်သည်။ ကျောင်းသူ/သားများ တက်တက်ကြွကြွပါဝင်လာစေမည့် သင်ကြား/သင်ယူမှု နည်းလမ်းများကို ဤသင်ရိုးပိုင်းတွင် အာရုံစိုက်ထားပါသည်။ ပြောင်းပြန်သင်ယူမှုဖြင့် ကျောင်းသူ/သားများကိုယ်တိုင်ပါဝင်သင်ယူလာပုံ၊ စူးစမ်းမှုနှင့်ပြဿနာအခြေပြု သင်ယူမှုဖြင့် ကျောင်းသူ/သားများ အကျိုးရှိနိုင်ပုံကိုလည်း အာရုံစိုက်ထားပါသည်။
အောက်ပါတို့ကိုလုပ်ဆောင်စေပါမည်-

- ✓ ပြောင်းပြန်စာသင်ခန်းချဉ်းကပ်မှု၊ စူးစမ်းမှု/ပြဿနာအခြေပြုသင်ယူမှုအကြောင်းဖတ်ရှုခြင်း
- ✓ ဗီဒီယိုကြည့်ပြီး ခွဲခြမ်းစိတ်ဖြာသုံးသပ်ပေးခြင်း
- ✓ လုပ်ဆောင်ချက်များကို တစ်ဦးချင်း၊ နှစ်ယောက်တွဲနှင့် အုပ်စုငယ်ဖွဲ့ လုပ်ဆောင်ခြင်း
- ✓ အဓိကမေးခွန်းများကို စဉ်းစားခြင်း
- ✓ သင်ရိုးပိုင်းအဆုံးသတ်ပဟေဠိဖြေဆိုခြင်း
- ✓ မိမိအတွေ့အကြုံနှင့်အသိပညာကို ပြန်လည်သုံးသပ်ခြင်း
- ✓ သင်ယူသူများအား ကတိပေးခြင်း

ဤသင်ရိုးပိုင်း**ပြီးအောင်လုပ်ရန် ၇ နာရီခန့်** ကြာမြင့်ပါမည်။ ပျော်ရွှင်ဖွယ် သင်ယူမှုအတွေ့အကြုံရစေရန် အချိန်ယူလုပ်ဆောင်ပါ။

Funded by: UKaid

Towards Results in Education & English

## သင်္ကေတအညွှန်း

| | |
|---|---|
| A | **လုပ်ဆောင်ချက် (Activity) – ပြီးအောင်လုပ်ရမည့်အလုပ်ဖြစ်သည်** |
| Q | **မေးခွန်း (Question/s)** – မေးခွန်းများဖြေဆိုပါ |
| R | **ပြန်လည်သုံးသပ်ချက် (Reflection)** – မိမိ မည်သို့ခံစားရကြောင်း စေ့စေ့စပ်စပ်တွေးပါ |
| LJ | **သင်ယူမှုဂျာနယ် (Learning Journal)** – သင့်အဖြေကို သင်ယူမှုဂျာနယ်တွင်ရေးပါ |
| | **ဖတ်ပါ (Read)** – ပေးထားသည့်စာကိုဖတ်ပါ။ မှတ်စုရေးလိုကရေးပါ။ |

## ၁.၁ ယခင်သင်ယူမှုနှင့်အချိတ်အဆက် - ထိရောက်စွာ မေးခွန်းမေးခြင်းနှင့် တုံ့ပြန်ဖြေကြားခြင်း

သင်ရိုးပိုင်း ၆ နှင့် ထိထိရောက်ရောက်မေးခွန်းမေးခြင်းနှင့် တုံ့ပြန်ဖြေကြားခြင်း လုပ်ဆောင်ချက်များကိုပြန်ကြည့်ပါ။ အောက်ပါတုံ့ပြန်ဖြေကြားမှုဥပမာများကိုကြည့်ပြီး ကြည့်ရှုလေ့လာသုံးသပ်ထားသည့် သင်ခန်းစာတစ်ခုအပေါ် တုံ့ပြန်ဖြေကြားရာတွင် မည်သည့်စကားစုများက အသုံးဝင်ကာ အပြုသဘောဆောင်မည်ဖြစ်ကြောင်း ဆုံးဖြတ်ပါ။ မိမိ အတွေးများကို သင်ယူမှုဂျာနယ်တွင်ရေးသားပါ (သို့) လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့်ဆွေးနွေးပါ။

က) "ကျောင်းသားတွေအဖြေကို ဆရာ ကောင်းကောင်းနားထောင်ပုံကို တစ်ကယ်ကြိုက်ပါတယ်"

ခ) "အလွန်ကောင်းတဲ့သင်ခန်းစာပါ"

ဂ) "အဲဒီအချိန်မှာ အဲဒီမေးခွန်းမေးလိုက်ပုံက အလွန်အထောက်အကူပြုပါတယ်"

ဃ) "မင်းလက်ရေးလက်သားကို သိပ်မကြိုက်ဘူး"

င) "နှစ်ယောက်တွဲလုပ်ဆောင်ချက်က ဘယ်လိုနေတယ်ထင်ပါသလဲ"

## သင်ရိုးပိုင်း ၆ ပြန်လှန်သင်ကြားမှုအဖြေ - ထိရောက်စွာမေးခွန်းမေးခြင်းနှင့် တုံ့ပြန်ဖြေကြားခြင်း

တုံ့ပြန်ဖြေကြားမှုတို့ အပြုသဘောဆောင်မဆောင် ဥပမာများဖြစ်ပါသည်။ ဖြေကြားရာတွင် ဖြောင့်မတ်မှု၊ လိုရင်းရောက်မှု ရှိမရှိသည် ဖြေကြားသူ၊ ကြားနာသူတို့၏ ဆက်ဆံရေးအပေါ်မူတည်ပါမည်။

**က) "ကျောင်းသားတွေအဖြေကို ဆရာ ကောင်းကောင်းနားထောင်ပုံကို တစ်ကယ်ကြိုက်ပါတယ်"**

အများစုအား အဆင်ပြေနေချိန်တွင်အဆင်ပြေကြောင်းပြောပြီး အားပေးရန်လိုအပ်ပါသည်။ မိမိတကယ်ကြိုက်သည့်အချက် (သို့) ၎င်းတို့တစ်ကယ်အဆင်ပြေခဲ့သည့်အချက်ကို ဦးစွာကြားရလျှင် ကြားနာသူအတွက် အမှန်တကယ်အထောက်အကူဖြစ်နိုင်ပါသည်။

Implemented by: British Council, The Open University, VSO, montrose

**ခ) "အလွန်ကောင်းတဲ့သင်ခန်းစာပါ"**

အပြုသဘောဆောင်ခြင်းသည် ကောင်းသောအလေ့အကျင့်ဖြစ်သော်လည်း ဤဥပမာတွင် ကြားနာသူအား တိတိကျကျလည်းမပြော၊ ဘယ်အရာက 'အလွန်ကောင်းကြောင်း'လည်း ဖော်ထုတ်မထားပါ။

**ဂ) "အဲဒီအချိန်မှာ အဲဒီမေးခွန်းမေးလိုက်ပုံက အလွန်အထောက်အကူပြုပါတယ်"**

ဤဥပမာက တိကျပါသည်။ သင်ယူမှုအတွက် အခွင့်အလမ်းပိုမိုရရှိစေပါသည်။

**ဃ) "မင်းလက်ရေးလက်သားကို သိပ်မကြိုက်ဘူး။"**

ပုဂ္ဂိုလ်ရေးဆန်ပြီး စိတ်ကွက်စေနိုင်ပါသည်။ သင်ယူသူတို့ဖတ်ရန် ဆရာ/မ၏လက်ရေး ကောင်းကောင်းမရှင်းခြင်း ဖြစ်နိုင်ပါသည်။ သို့ဖြစ်ပါက အဘယ်ကြောင့် သင်ယူသူတို့ စာလုံးပေါင်းအမှားရေးကြကြောင်း၊ သင်ပုန်းပေါ်မှ စာကူးရေးရာတွင် အခက်ကြုံရကြောင်း၊ ကြည့်ရှုလေ့လာသူက ဆရာ/မအား မေးနိုင်ပါသည်။

**င) "နှစ်ယောက်တွဲလုပ်ဆောင်ချက်က ဘယ်လိုနေတယ်ထင်ပါသလဲ"**

သင်ခန်းစာအတွင်းမှ အချက်တစ်ချက်ကို တိတိကျကျ ပြန်လည်သုံးသပ်ခွင့်ပေးပါသည်။ ကြည့်ရှုလေ့လာသူက သုံးသပ်ချက်မပေးမီ စဉ်းစားခွင့်၊ ပြောခွင့်ပေးပါသည်။

## လုပ်ဆောင်ချက် ၇.၁. မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း

ပြန်လည်သုံးသပ်ချက် - သင့်တပည့်များကိုယ်တိုင် သင်ယူမှုတွင် ပါဝင်လာအောင်ဆောင်ရွက်ရန် မည်မျှ မိမိကိုယ်ကို **ယုံကြည်စိတ်ချ**ပါသနည်း။ အောက်ပါစကေးမှ မိမိကို အတိကျဆုံးဖော်ပြသည့် ကိန်းဂဏန်းတစ်ခုကိုရွေးပါ။ သင်ယူမှုဂျာနယ်တွင်ဖြေဆိုပါ။

| သိပ် စိတ်မချပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အလွန်စိတ်ချပါသည် |
|---|---|---|---|---|---|---|---|---|---|---|---|

သင်ရိုးပိုင်းအဆုံးတွင် ထပ်မံလုပ်ဆောင်ရပါမည်။

## ၂. ပြောင်းပြန်သင်ယူမှုဟူသည် အဘယ်နည်း။

အားလုံးအကျုံးဝင်အလေ့အကျင့်နှင့် ပြောင်းပြန်သင်ယူမှုဆက်စပ်ပုံကို အောက်ပါကောက်နုတ်ချက်တွင် **ဖတ်ပါ**။
**စိတ်ဝင်စားဖွယ်/အသစ် စာလုံးများကိုမှတ်သားပါ။**

## ဖတ်ပါ - ပြောင်းပြန်သင်ယူမှုဟူသည် အဘယ်နည်း

ပြောင်းပြန်သင်ယူမှု လုပ်ဆောင်သည့်စာသင်ခန်းဆိုသည်မှာ သင်ခန်းစာမသင်မီနှင့်သင်အပြီး ကျောင်းသူ/သားများအား လေ့လာသင်ယူရေးပစ္စည်းများ ပေးအပ်ခြင်းကို အလေးထားသည့်စာသင်ခန်း ဖြစ်ပါသည်။ ထိုပစ္စည်းများမှာ သင်ခန်းစာအကြောင်းအရာပါ အဓိကအချက်များကို ဆရာ/မကရှင်းပြသည့် ဗီဒီယိုများအဖြစ်များပါသည်။ ကျောင်းသူ/သားများ အဓိကအချက်များကို နားလည်စေရန်ကူညီပေးမည့် အခြားသင်ယူမှုအရင်းအမြစ်များလည်း ဖြစ်နိုင်ပါသေးသည်။

ကျောင်းသူ/သားများသည် သင်ယူထားသည့်အသိပညာ၊ ကျွမ်းကျင်မှုများကိုအသုံးပြုလျက် အခြားကျောင်းသူ/သားများ၊ ဆရာ/မများနှင့် အပြန်အလှန် ဆက်ဆံရာတွင် ဤသင်ခန်းစာကို သုံးနိုင်ပါသည်။






Image Source:
https://designinginstructionwithk.com/2019/06/13/flipped-classroom-approach/

ပြောင်းပြန်သင်ယူမှုသည် ကျောင်းသူ/သားတို့ မိမိတို့သင်ယူမှုတွင် တက်တက်ကြွကြွ ပါဝင်လာစေနိုင်မည့် နည်းလမ်းတစ်သွယ်ဖြစ်ပါသည်။ သင်ခန်းစာမတိုင်မီ မိမိ၏သင်ယူမှုအတွက် ကိုယ်တိုင်တာဝန်ယူလေ့လာရပြီး သင်ခန်းစာအချိန်အတွင်း လုပ်ဆောင်ချက်တွင်ပါဝင်ကာ သင်ခန်းစာပြီးနောက် ပြန်လည်သုံးသပ်လျက် ဆက်လက်လေ့လာရန်ဖြစ်ပါသည်။

အတန်းမစမီ သင်ယူမှုအကြောင်းအရာကိုနားလည်အောင် ကျောင်းသူ/သားများ လိုအပ်သလို အချိန်ယူလုပ်နိုင်ပါသည်။ ဗီဒီယိုကိုထပ်ကြည့်ခြင်း၊ စာပြန်ဖတ်ခြင်းတို့လုပ်နိုင်ပါသည်။ အတန်းတွင်း၌ ကျောင်းသူ/သားများ နားလည်သည့်အဆင့်အလိုက် ဆရာ/မက သင်ကြားနိုင်ပါသည်။

ပြောင်းပြန်သင်ယူမှုလုပ်ဆောင်သည့် စာသင်ခန်းတွင် ဆရာ/မက ကူညီပံ့ပိုးသူ၊ လမ်းညွှန်သူအဖြစ်ပါဝင်ပြီး အမြင့်ပိုင်းအတွေးအခေါ်များကို အသုံးပြုပါသည်။ ကူညီပံ့ပိုးသူကဏ္ဍနှင့် အစဉ်အလာဆရာ/မကဏ္ဍနှင့်ကွာခြားပုံကို သင်ရိုးပိုင်း ၄ တွင် ဖော်ပြပြီးဖြစ်သည်။

ဘလွမ်းအတွေးအခေါ် ပြဇယားကိုလေ့လာခဲ့သည့် သင်ရိုးပိုင်း ၃ အရ သင်ခန်းစာအစိတ်အပိုင်း (မသင်မီ၊ သင်ကြားစဉ်နှင့် သင်ကြားပြီး ခွဲခြားပုံကို ပြထားသောပုံတွင်လေ့လာပါ။ ၎င်းသည် ဆရာ/မအနေဖြင့် သင်ကြားချိန်တွင် အထိရောက်ဆုံး လုပ်ဆောင်ချက်များ စီစဉ်ထားစေနိုင်ရန် အထောက်အကူပြုနိုင်ပါသည်။




Source:
https://sxcjcomputerscience.blogspot.com/search/label/%E2%80%9CRevised%20Bloom%E2%80%99s%20Taxonomy%3A%20Finest%20techniques%20of%20Educational%20Learning%E2%80%9

The Flipped Learning Network (ပြောင်းပြန်သင်ယူမှုကွန်ယက်)က ပြောင်းပြန်သင်ယူမှု လုပ်ဆောင်သည့် စာသင်ခန်း နည်းလမ်းသည် ထိရောက်ပြီး **FLIP** ၏မဏ္ဍိုင်လေးရပ်ကို လိုက်နာခဲ့လျှင် ကျောင်းသူ/သားတို့ကိုယ်တိုင် ပါဝင်သင်ယူနိုင်ကြောင်း အကြံပြုခဲ့ပါသည်။

**F - ပြောင်းလွယ်ပြင်လွယ် သင်ယူမှုဝန်းကျင် -** အုပ်စုဖွဲ့(သို့)တစ်ဦးချင်းသင်ယူနိုင်မည့်နေရာ၊ ကျောင်းသူ/သားတို့သည် သင်ယူရန် အချိန်နှင့်နေရာကို ရွေးချယ်နိုင်ပါမည်။

**L - သင်ယူသူဗဟိုပြုချဉ်းကပ်မှု**ဖြစ်ပြီး အမြင့်ပိုင်းအတွေးအခေါ်များအသုံးပြုလျက် အတန်းချိန်အတွင်း အကြောင်းအရာများကို နက်နက်နဲနဲစူးစမ်းလေ့လာကြပါသည်။ အဓိပ္ပါယ်ရှိသည့်လုပ်ဆောင်ချက်များတွင်ပါဝင်ခြင်း၊ မိမိတို့၏သင်ယူမှုကို သုံးသပ်အကဲဖြတ်ခြင်းဖြင့် အသိပညာနှင့်ကျွမ်းကျင်မှုတိုးတက်စေရန် ကျောင်းသူ/သားတို့ပါဝင်လုပ်ဆောင်ကြပါသည်။

**I - ရည်ရွယ်ထားသည့်အကြောင်းအရာ**ကို အတန်းချိန်အတွင်း သင်ယူသူဗဟိုပြုသော၊ တက်ကြွသော သင်ယူမှုဗျူဟာများကို အသုံးပြုလျက် ကျောင်းသူ/သားတို့ကိုယ်တိုင်စူးစမ်းနိုင်ရန် ဆရာ/မက ရွေးချယ်ပေးပါသည်။

Funded by: UKaid



**P - ဆရာအတတ်ပညာကျွမ်းကျင်သည့် ပညာသင်ကြားသူ -** ဆရာ/မ၏ အတန်းချိန်အတွင်း အခန်းကဏ္ဍမှာ ကျောင်းသူ/သားတို့ကို စဉ်ဆက်မပြတ် ကြည့်ရှုလေ့လာပြီး အချိန်မီတုံ့ပြန်ဖြေကြားရန်၊ သင်ယူစဉ်စစ်ဆေးအကဲဖြတ်ရန် ဖြစ်ပါသည်။ ဆရာအတတ်ပညာကျွမ်းကျင်သူတစ်ဦးအနေဖြင့် ဆရာ/မသည် ပြန်လည်သုံးသပ်ခြင်း၊ ၎င်း၏အလေ့အကျင့် ပိုမိုကောင်းမွန်တိုးတက်ရန် အခြားသူများနှင့်ဆွေးနွေးခြင်း၊ အပြုသဘောဆောင်တုံ့ပြန်ဖြေကြားမှုများကို ကြိုဆိုခြင်း၊ ကျောင်းသူ/သားတို့ နည်းမျိုးစုံဖြင့် ပြောဆိုလုပ်ကိုင်နေသည့် စာသင်ခန်းကို စီမံခန့်ခွဲခြင်းတို့ကို လုပ်ဆောင်ပါသည်။

Summarised from: https://flippedlearning.org/wp-content/uploads/2016/07/FLIP_handout_FNL_Web.pdf (free)

A

## လုပ်ဆောင်ချက် ၇.၂ - ပြောင်းပြန်သင်ကြားသည့်စာသင်ခန်းဥပမာ (၁၅ မိနစ်)

အောက်ပါ**ပြောင်းပြန်သင်ကြားသည့်** သင်ခန်းစာဖွဲ့စည်းပုံကို **ဖတ်ရှုပြီး** အဆိုများ **မှန်/မမှန်** ဆုံးဖြတ်ပါ။

**သင်ခန်းစာမတိုင်မီ -** ကျောင်းသူ/သားတို့သည် အိမ်မှာဖြစ်စေ၊ အတန်းတွင်း အခြား ကျောင်းသူ/သားများနှင့် ဖြစ်စေ ကြည့်ကြရန် ဆရာ/မက ဗီဒီယိုကိုပေးပါသည်။ အစာခြေစနစ် အလုပ်လုပ်ပုံနှင့် သကြားဓာတ်ကို ခန္ဓာကိုယ်ဆဲလ်များက စွမ်းအင် အသွင် ပြောင်းပုံကို ဗီဒီယိုက ပြပါသည်။ ဗီဒီယိုပါအကြောင်းအရာများအပေါ် မူတည် ဖြေကြားရန် ဆရာ/မက နားလည်မှုစမ်းသပ်သည့် မေးခွန်းသုံးခုမေးပြီး သင်ခန်းစာ အတွက် အစားအစာတစ်ခု ကျောင်းသူ/သားတို့ယူဆောင်ခဲ့ရန် မှာကြားသည်။



Image source: (free)
https://pixabay.com/vectors/myanmar-_burma-teacher-school-5247425/

**သင်ခန်းစာအတွင်း -** ဗီဒီယိုနှင့် နားလည်မှုစမ်းသပ်သည့်မေးခွန်းအကြောင်း အတန်းတွင်း အုပ်စုငယ်များဖွဲ့ပြီး ဆွေးနွေးကြပါသည်။ နားလည်မလည်သိရန် ဆရာ/မက အုပ်စုလိုက်ဆွေးနွေးမှုများကိုနားထောင်ပြီး နောက်ထပ်မေးခွန်းများ ဆက်မေးပါသည်။ နားလည်မှုလွဲခဲ့လျှင်လည်းကောင်း၊ သင်ခန်းစာတစ်လျှောက် အာရုံစိုက်ရမည့်နယ်ပယ်များကိုလည်းကောင်း မှတ်သားထားပါမည်။ ကျောင်းသူ/သားတို့ ယူလာခဲ့သည့် အစားအစာနမူနာများတွင် စွမ်းအင်မည်မျှရှိကြောင်း တိုင်းတာမည့် စမ်းသပ်ချက်တစ်ခု လုပ်ကြပါမည်။ နမူနာတစ်ခုချင်း အလေးချိန်တူအစိတ်အပိုင်းများခွဲပါသည်။ စမ်းသပ်ခန်းသုံးဖန်ချိုင့်တွင် ရေ ၁၀၀ မီလီ လီတာထည့်၊ ရေကိုပူစေရန် နမူနာများကိုမီးမြှိုက်ပြီး ဖန်ချိုင့်ထဲထည့်ပါသည်။ အပူမပေးမီနှင့်ပေးပြီး ရေအပူချိန်တိုင်းပြီး ဇယားတွင်မှတ်ပါသည်။ ဆရာ/မက သင်ခန်းစာတစ်လျှောက် ဗီဒီယိုရှိအကြောင်းအရာနှင့် လက်တွေ့ အလုပ်ကိုချိတ်ဆက်ပေးပြီး ဆွေးနွေးရန်၊ ပိုမိုနက်နဲစွာတွေးခေါ်ရန် မေးခွန်းများကို မေးပေးပါသည်။ သင်ခန်းစာအဆုံးတွင်

Funded by: UKaid

Towards Results in Education & English

အစားအစာအမျိုးမျိုးတွင် စွမ်းအင်ပါဝင်မှုအကြောင်း ၎င်းတို့လေ့လာခဲ့သမျှ ကျောင်းသူ/သားတို့ အနှစ်ချုပ်ဖော်ပြကြပါသည်။

**သင်ခန်းစာအပြီး -** ၎င်းတို့သည်အာဟာရပညာရှင်ဖြစ်ကြောင်း ကျောင်းသူ/သားတို့ စိတ်ကူးကြည့်ကြပါမည်။ အခြားကျောင်းသူ/သားတစ်ယောက်မှ သုံးရက်စားရမည့် ဓာတ်စာပမာဏကို စီစဉ်ပေးခြင်းဖြင့် ၎င်းတို့တတ်မြောက်မှုကို အသုံးချစေပါမည်။

**ဖတ်ပါ -** အောက်ပါမေးခွန်းများဖတ်ပြီး **အမှန်/အမှား**ဆုံးဖြတ်ပါ။

- သင်ခန်းစာအတွက် ကျောင်းသူ/သားတို့ တစ်ခုခုယူလာခဲ့ရန်လိုအပ်ပါသည်။
- သင်ခန်းစာတွင် ဗီဒီယိုကြည့်စက်၊ ဖန်ချိုင့်နှင့် ရုပ်ရှင်ပြစက်လိုအပ်ပါသည်။
- အသက်ပိုကြီးသည့် ကလေးများနှင့်သာ သင့်တော်သည့် သင်ခန်းစာမျိုးဖြစ်ပါသည်။
- သင်ခန်းစာမတိုင်မီ ကျောင်းသူ/သားတို့အား တွေးခေါ်စွမ်းရည်ကို အသုံးချစေပါသည်။
- သင်ခန်းစာတွင် ဆရာ/မက ဘာမျှဖြစ်ဖြစ်မြောက်မြောက် သင်ကြားခြင်းမရှိပါ။
- ကျောင်းသူ/သားတို့အား သင်ခန်းစာအတွင်းအပြင်တွင် ၎င်းတို့၏နားလည်မှုကို စစ်ဆေးအတည်ပြုခွင့်ပေးပါသည်။

**ဆက်လက်လုပ်ဆောင်ရန် -** ဤအဆိုများက သင်ယူမှုအပေါ်သက်ရောက်မှုအကြောင်း ရှင်းပြပါ။ သင်ယူမှုဂျာနယ်တွင် အဖြေမှတ်သားပါ။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

## လုပ်ဆောင်ချက် ၇.၂ အဖြေ

| အဆို | အမှန်/အမှား | ရှင်းလင်းချက် |
|---|---|---|
| သင်ခန်းစာအတွက် ကျောင်းသူ/သားတို့ တစ်ခုခု ယူလာခဲ့ရန်လိုအပ်ပါသည်။ | မှန် | သင်ခန်းစာအတွက် ကျောင်းသူ/သားတို့ယူခဲ့သည့် အစား အသောက်ဖြင့် ယခင်သင်ယူတတ်မြောက်မှုကို အမြန် စစ်ဆေးနိုင်ပါသည်။ ဗီဒီယို သို့မဟုတ် အကြောင်းအရာနှင့် မဆိုင်သည့်အရာယူလာလျှင် စောစောစီးစီး ပံ့ပိုးပေးရန် လိုအပ်ပါသည်။ |
| သင်ခန်းစာတွင် ဗီဒီယိုကြည့်စက်၊ ဖန်ချိုင့်နှင့် ရုပ်ရှင်ပြစက် လိုအပ်ပါသည်။ | မှား | သင်ခန်းစာမတိုင်မီ ဗီဒီယိုကြည့်စက်လိုပါသည်။ အတန်းတွင်း စမ်းသပ်ချက်အတွက် စမ်းသပ်ခန်းသုံးဖန်ချိုင့်လိုပါသည်။ ရုပ်ရှင်ပြစက်မလိုပါ။ |
| အသက်ပိုကြီးသည့် ကလေးများနှင့်သာ သင့်တော်သည့် သင်ခန်းစာမျိုး ဖြစ်ပါသည်။ | မှန်/မှား | သင်ယူသူကလေးငယ်များနှင့်သင့်တော်စေရန် သင်ခန်းစာပါ အကြောင်းအရာကို ဆရာ/မက ချိန်ညှိနိုင်ပါသည်။ ပိုမို ရိုးရှင်းသည့် ဗီဒီယိုကို ဆရာ/မက ရွေးခြင်း၊ ကျောင်းသူ/သားတို့ မီးဖြင့်စမ်းသပ်ခြင်းထက် ဆရာ/မက နမူနာလုပ်ပြခြင်းတို့ လုပ်နိုင်ပါသည်။ |
| သင်ခန်းစာမတိုင်မီ ကျောင်းသူ/သားတို့အား တွေးခေါ် စွမ်းရည်ကို အသုံးချစေပါသည်။ | မှန် | နားလည်မှုကိုစမ်းသပ်သည့်မေးခွန်းများကို ကျောင်းသူ/သား တို့အားမေးခြင်း ဖြင့် ဗီဒီယိုတွင် ကြည့်ခဲ့သည့်အကြောင်းကို ပြန်တွေးစေပါသည်။ |
| သင်ခန်းစာတွင် ဆရာ/မက ဘာမျှ ဖြစ်ဖြစ်မြောက်မြောက် သင်ကြားခြင်း မရှိပါ။ | မှား | စာသင်ချိန်အတွင်း အုပ်စုဖွဲ့ဆွေးနွေးစေခြင်းကို ကူညီပံ့ပိုး ခြင်းဖြင့် ကျောင်းသူ/သားများအား ၎င်းတို့ သင်ယူတတ်မြောက် ခဲ့သည့် အရာများကို ပိုင်းခြားစိတ်ဖြာသုံးသပ်စေနိုင်ပါမည်။ ၎င်းတို့အား တတ်မြောက်ထားသည်များ အသုံးချခွင့်ပေးကာ ကျောင်းသူ/သားတို့ စူးစမ်းခြင်း၊ ဆွေးနွေးခြင်းများ လုပ်ဆောင်နိုင်ရန် ဆရာ/မက မေးခွန်းများမေးမြန်းပါသည်။ |
| ကျောင်းသူ/သားတို့အား သင်ခန်းစာ အတွင်းအပြင်တွင် ၎င်းတို့၏ နားလည်မှုကို စစ်ဆေးအတည်ပြုခွင့် ပေးပါသည်။ | မှန် | သင်ခန်းစာမတိုင်မီ ကျောင်းသူ/သားတို့အား အတန်းဖော်များနှင့် အတူတကွ ဗီဒီယိုကြည့်ခြင်း၊ နားလည်မလည် မေးခွန်းများ ဖြေကြည့်ခြင်းတို့ လုပ်ဆောင်စေပါသည်။ သင်ခန်းစာလက်တွေ့ ပိုင်းတွင် ဆွေးနွေးရန်နှင့် မေးခွန်းမေးရန် အခွင့်များစွာရရှိပါမည်။ |

Implemented by: British Council, The Open University, VSO, montrose

Funded by: UKaid

## လုပ်ဆောင်ချက် ၇.၃ - ပြောင်းပြန်သင်ယူမှုဟူသည် အဘယ်နည်း (၁၀ မိနစ်)

ပြောင်းပြန်သင်ယူမှုအကြောင်း ဖတ်ကြားခဲ့ပြီ။ အောက်ပါဗီဒီယိုတွင် ပြောင်းပြန်သင်ယူမှုအကြောင်း ထပ်မံလေ့လာရပါမည်။ ဤဗီဒီယိုပါအကြောင်းအရာအချို့ကို သင်ရိုးပိုင်း ၄ တွင် ဆွေးနွေးထားပါသည်။ သရုပ်ပြမှုနှင့် အတွေးအမြင်သစ်များကို စူးစမ်းလေ့လာမှုအတွက် ဆရာ/မက သုံးသည့်အချိန်အကြောင်း စဉ်းစားပါ။

ပြောစကားကို ဖတ်လိုလျှင် ဗီဒီယိုတွင် **စာတမ်း**ထိုးထားပါသည်။ ဖတ်ချိန်ပိုမိုလိုအပ်လျှင် **စာသား**ကိုလည်းဖွင့်ကြည့်နိုင်ပါသည်။




https://www.youtube.com/watch?v=RD7E9IULn0Y (5 minutes in total)

မေးခွန်းများကိုဖြေဆိုပါ

**ပို့ချမှု**နှင့် **အသုံးချ**မှုအကြား ခြားနားချက်များအကြောင်းကို ဗီဒီယိုတွင် ဆရာ/မက ပြောကြားပါသည်။

**အစဉ်အလာ** စာသင်ခန်းတွင်

- **ပို့ချမှု**အတွက် စာသင်ချိန်၏ရာခိုင်နှုန်းမည်မျှသုံးပါသနည်း။
- **အသုံးချမှု**အတွက် စာသင်ချိန်၏ရာခိုင်နှုန်း မည်မျှသုံးပါသနည်း။

**ပြောင်းပြန်သင်ယူမှု**စာသင်ခန်းတွင်

- **ပို့ချမှု**အတွက် စာသင်ချိန်၏ရာခိုင်နှုန်း မည်မျှသုံးပါသနည်း။
- **အသုံးချမှု**အတွက် စာသင်ချိန်၏ရာခိုင်နှုန်း မည်မျှသုံးပါသနည်း။

အချင်းချင်း နားလည်မလည်စစ်ဆေးရန် လုပ်ဖော်ကိုင်ဖက် (သို့) အတူလေ့လာသည့်အုပ်စုနှင့် ဆွေးနွေးနိုင်ကဆွေးနွေးပါ။
မည်သည့် စာသင်ခန်းပုံစံက ကျောင်းသူ/သားအားလုံး စိတ်ပါဝင်စားပြီး စိန်ခေါ်မှုရှိပါမည်နည်း။
မည်သည့်ချဉ်းကပ်နည်းက ကျောင်းသူ/သားအားလုံးကို ပိုမိုအကျုံးဝင်စေပါမည်နည်း။
သင်ယူမှုဂျာနယ်တွင်အဖြေရေးသားပါ။

Implemented by: British Council, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

## လုပ်ဆောင်ချက် ၇.၃ အဖြေ

ဗီဒီယိုတွင် ဆရာ/မက အောက်ပါအတိုင်းအဆိုရှိပါသည်။

**အစဦးအလာ**စာသင်ခန်းတွင်

- **ပို့ချမှု**အတွက် စာသင်ချိန်(၉၀%)သုံးပါသည်။
- **အသုံးချမှု**အတွက် စာသင်ချိန်(၁၀%)သုံးပါသည်။

**ပြောင်းပြန်သင်ယူမှု**စာသင်ခန်းတွင်

- **ပို့ချမှု**အတွက် စာသင်ချိန် ၁၀% သုံးပါသည်။
- **အသုံးချမှု**အတွက် စာသင်ချိန် ၉၀% သုံးပါသည်။

**မည်သည့် စာသင်ခန်းပုံစံက ကျောင်းသူ/သားအားလုံး စိတ်ပါဝင်စားပြီး စိန်ခေါ်မှုရှိပါမည်နည်း။**

ပြောင်းပြန်သင်ယူမှု - ဆရာ/မက အတန်းရှေ့ထွက်ပြီးသင်ကြားခြင်းထက် သင်ယူမှုကို ဗဟိုပြုစေပါမည်။ အသုံးချမှုအတွက် အတန်းချိန်အများစုသုံးသောကြောင့် ကျောင်းသူ/သားတို့အားလုံး မိမိတို့နှုန်းဖြင့် လုပ်နိုင်အောင် ဆရာ/မက ပံ့ပိုးပေးပါမည်။

**မည်သည့်ချဉ်းကပ်နည်းကကျောင်းသူ/သားအားလုံးကို ပိုမိုအကျိုးဝင်စေပါမည်နည်း။**

ပြောင်းပြန်သင်ယူမှု - ကျောင်းသူ/သားအားလုံးကို အာရုံစိုက်ပါသည်။ အလယ်အလတ်တန်းစား ကျောင်းသူ/သားအများစုကိုသာ ဦးတည်သင်ကြားခြင်းသည် ကျောင်းသူ/သားအချို့အတွက် စိန်ခေါ်မှုမရှိ၊ အခြားကျောင်းသူ/သားများလည်း မသင်ယူနိုင်ပါ။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

**လုပ်ဆောင်ချက် ၇.၄ - ပြောင်းပြန်သင်ယူမှု(၁၅ မိနစ်)**

**စဉ်းစားပါ** - သင်ရိုးညွှန်းတမ်းမှ သင်ခန်းစာတစ်ခုအကြောင်းစဉ်းစားပါ။ ကျောင်းသူ/သားတို့ သင်ခန်းစာအတွက် ရောက်လာကြသည်ဟု စိတ်ကူးပါ။

- ဘာသာရပ်အကြောင်း ကျောင်းသူ/သားတို့ဘာကို**သိထားပြီး**ဖြစ်ပါသနည်း။
- မသင်ကြားမီ ကျောင်းသူ/သားတို့ သိနားလည်ထားသင့်သည့်အကြောင်းအရာများ ရှိပါသလား။
- သင်ခန်းစာတွင် သဘောတရားကိုသင်ကြားရာတွင် အချိန်မည်မျှသုံးပြီးမှ ကျောင်းသူ/သားတို့ စိတ်ချလက်ချ ဆွေးနွေးအသုံးချနိုင်ပါမည်နည်း။
- မသင်ကြားမီ ကျောင်းသူ/သားတို့ စာပိုဒ်တစ်ပိုဒ်ဖတ် (သို့) ဗီဒီယိုတစ်ကားကြည့်နိုင်ပါသလား။

ကျောင်းသူ/သားတို့ **ယခု**ရောက်လာပြီဟု တွေးလိုက်ပါ။ မိမိအစီအစဉ်ကို ပြောင်းလဲစေပါမည်လား။

- ယခင်သင်ခန်းစာထက် ပိုမိုနက်နဲစွာ သင်ယူတတ်မြောက်ပါမည်လား။
- ရရှိသည့် အသိပညာနှင့် နားလည်မှုကိုကျောင်းသူ/သားတို့က မည်ကဲ့သို့သုံးပါမည်နည်း။


မိမိပြောင်းလဲလိုသည်များကို သင်ယူမှုဂျာနယ်တွင် မှတ်သားပါ။
သင်ကြားရန်ပိုမိုခက်ခဲသည့် သင်ခန်းစာများအကြောင်း စဉ်းစားသင့်ပါသည်။ အကြောင်းအရာတစ်ခုကို မသင်ကြားမီ ကျောင်းသူ/သားတို့အား စဉ်းစားစေရာတွင် ဤချဉ်းကပ်နည်းက မည်သို့အထောက်အကူပြုနိုင်ကြောင်း သုံးသပ်ပါ။ သင်ခန်းစာအကြိုလုပ်ဆောင်ချက်တွင် အိုင်စီတီမဖြစ်မနေပါရန်မလိုအပ်ပါ။ ဥပမာ ဗီဒီယို

## ၃. တက်တက်ကြွကြွပါဝင်သင်ယူပုံ

ပြောင်းပြန်သင်ယူမှုကို ထိထိရောက်ရောက်အသုံးပြုခဲ့လျှင် ကျောင်းသူ/သားတို့အား ကိုယ်ပိုင်နှုန်းထားဖြင့် သင်ယူနိုင်စေခြင်း၊ သင်ခန်းစာအကြောင်းအရာကို တက်ကြွစွာစိတ်ဝင်စားစေခြင်း၊ အတန်းချိန်အတွင်း တက်ကြွရန်နှင့်ဖန်တီးရန် အချိန်ပိုသုံးခြင်းတို့ကိုဖြစ်စေပါမည်။ ဆရာ/မများသည် ကျောင်းသူ/သားတို့နှင့် အပြန်အလှန်နီးနှောရန်၊ ထုံးတမ်းစဉ်လာအရ သင်ပြီးမှအမှတ်ပေးခြင်းမဟုတ်ဘဲ သင်ယူစဉ်တတ်မြောက်မှုကိုစစ်ဆေးနိုင်ရန် အခွင့်အလမ်းများ ပိုမိုရရှိပါသည်။

Funded by: UKaid

Towards Results in Education & English





ဆရာ/မ၊ နည်းပြ

ဆရာ/မက သင်ခန်းစာပါ အကြောင်းအရာကို ပို့ချသည်

သင်ခန်းစာအကြောင်း အရာသည် အသစ် ဖြစ်လေ့ရှိသည်

သင်ယူမှုသည် တက်ကြွမှုမရှိ

သင်ယူသူတို့ တိတ်တိတ်ဆိတ်ဆိတ် ထိုင်ပြီး နားထောင်လေ့ ရှိသည်




ကူညီပံ့ပိုးသူ

ကျောင်းသူ/သားများသည် ယခင်သင်ယူမှုအပေါ် ဆင့်ပိုးတည်ဆောက် နိုင်သည်

တက်တက်ကြွကြွ သင်ယူမှု

သင်ခန်းစာပါအကြောင်းအ ရာကို လေ့လာရန် ဆရာ/မက ပံ့ပိုးပေးသည်

ကျောင်းသူ/သားများအား တွေးတောစဉ်းစား ပြောကြားစေသည်

Source adapted: https://commons.wikimedia.org/wiki/File:FlippedClassroom_Drawing_WeyHanTan_CCBY2020.png (free)

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid


Towards Results in Education & English

## လုပ်ဆောင်ချက် ၇.၅ - ပြောင်းပြန်သင်ယူမှုလုပ်ဆောင်ချက်ကို အစီအစဉ်ဆွဲခြင်း (၁၅-၃၀ မိနစ်)

အင်တာနက်အရင်းအမြစ်မလိုဘဲ ကျောင်းတွင်သုံးနိုင်မည့် ပြောင်းပြန်သင်ယူမှုလုပ်ဆောင်ချက်တစ်ခုကို အစီအစဉ်ဆွဲပါ။ အောက်ပါတို့ကို စဉ်းစားပါ။

- မသင်ကြားမီကောင်းကောင်းနားလည်အောင် ကျောင်းသူ/သားတို့လုပ်နိုင်မည့် လုပ်ဆောင်ချက်များ
- သင်ခန်းစာအတွက် ကျောင်းသူ/သားတို့ စုဆောင်းနိုင်မည့် အချက်အလက်များ
- ထိုအချက်အလက်များကိုသုံးပြီး သင်ခန်းစာတွင်ကျောင်းသူ/သားတို့လုပ်နိုင်မည့် လုပ်ဆောင်ချက်များ
- ပိုင်းခြားစိတ်ဖြာမှု၊ အသုံးချမှုတို့ ထည့်သွင်းနိုင်မည့် လုပ်ဆောင်ချက်များ
- သင်ခန်းစာအတွင်း သို့မဟုတ် အပြီးတွင် ကျောင်းသူ/သားများ သုံးသပ်အကဲဖြတ်ရန်၊ ဖန်တီးရန် လုပ်ဆောင်ချက်များ

သင်ယူမှုဂျာနယ်တွင် အစီအစဉ်ရေးပြီး လုပ်ဖော်ကိုင်ဖက်(သို့) အတူလေ့လာသည့်အုပ်စုနှင့် ဖြစ်နိုင်က ဆွေးနွေးရန်။ မိမိအစီအစဉ်ကို ပံ့ပိုးရန် အောက်ပါ ဘလွမ်းဇယားစံပုံစံကို သုံးပါ။ ပထမတစ်ကွက်ကိုလုပ်ပြထားပါသည်။




Source adapted from:
https://sxcjcomputerscience.blogspot.com/search/label/%E2%80%9CRevised%20Bloom%E2%80%99s%20Taxonomy%3A%20Finest%20techniques%20of%20Educational%20Learning%E2%80%9D

Funded by: UKaid



# ၄. စူးစမ်းမှု/ပြဿနာအခြေပြုသင်ယူမှုဟူသည် အဘယ်နည်း

စူးစမ်းမှု/ပြဿနာအခြေပြုသင်ယူမှုအကြောင်း**ဖတ်ရှု**ပါ။

## ဖတ်ရန် - စူးစမ်းမှု/ပြဿနအခြေပြု သင်ယူမှု

**စူးစမ်းမှု/ပြဿနာအခြေပြုသင်ယူမှု**ဟူသည်မှာ ကျောင်းသူ/သားတို့ကိုယ်တိုင် တက်တက်ကြွကြွ ပါဝင်သင်ယူစေမည့် နည်းလမ်းများ ဖြစ်ပါသည်။ ခြားနားသော်လည်း တူညီသည့်အချက်များလည်းရှိပါသည်။

**စူးစမ်းမှုအခြေပြု သင်ယူမှု**

- သင်ယူမှုရလဒ်ကိုခြုံငုံမိသည့် စူးစမ်းမှုလုပ်ဆောင်ရန်နယ်ပယ်တစ်ခုကို ဆရာ/မက ချမှတ်ပေးပါသည်။
- စူးစမ်းမှု/လုပ်ဆောင်မှုကို ကျောင်းသူ/သားတို့က တိတိကျကျရွေးချယ်ပါသည်။
- ပြီးရမည့်အချိန်သတ်မှတ်ပေးသည်။
- စူးစမ်း/လုပ်ဆောင်မှု ပြီးမြောက်စေရာတွင် အသိပညာနှင့်ကျွမ်းကျင်မှု လေ့လာဖော်ဆောင်မည့် ပညာရေးဆိုင်ရာ ကျွမ်းကျင်မှုများ လိုအပ်ပါသည်။
- အသိပညာ၊ ထင်မြင်ချက်နှင့် ကျွမ်းကျင်မှုကို အုပ်စုဖွဲ့ဝင်များနှင့် ဝေမျှရာတွင် လူမှု/စိတ်ခံစားမှုဆိုင်ရာ (အနုစား) ကျွမ်းကျင်မှုများ လိုအပ်သည်။
- ပြီးမြောက်ခဲ့သည့် စူးစမ်း/လုပ်ဆောင်မှုကို စာသင်ခန်းပြင်ပရှိ လူအများထံ တင်ပြရန် အရေးကြီးပါသည်။

**ပြဿနာအခြေပြုသင်ယူမှု**

- ဆရာ/မက ပြဿနာတစ်ရပ်တင်ပြသည်။ ကျောင်းသူ/သားတို့သည် အသိပညာနှင့် ကျွမ်းကျင်မှုများကို အသုံးပြုပြီး ထိုပြဿနာကို ဖြေရှင်းရန်လိုအပ်ပါသည်။
- ပြဿနာ၊ ဖြေရှင်းချက်အတွက်လိုအပ်သည့်အရာများကို ကျောင်းသူ/သားတို့က တိတိကျကျဖွင့်ဆိုရန်လိုအပ်ပါသည်။
- ပြဿနာအတွက် ဖြေရှင်းချက်များစွာရှိနိုင်ပါသည်။
- ပြဿနာဖြေရှင်းရေးအတွက် ဖြေရှင်းချက်များကို ပိုင်းခြားစိတ်ဖြာ၊ သုံးသပ်အကဲဖြတ်ရန် အမြင့်ပိုင်း အတွေးအခေါ် ကျွမ်းကျင်မှုများ လိုအပ်ပါသည်။
- ပြဿနာတွင် စိန်ခေါ်မှုရှိသောကြောင့် ကျောင်းသူ/သားတို့ ပူးပေါင်းအဖြေရှာရန်လိုအပ်ပါသည်။
- ဆရာ/မနှင့် တစ်တန်းလုံးအား ဖြေရှင်းချက်ကို တင်ပြပါသည်။

**ပိုင်းခြားစိတ်ဖြာ/နှိုင်းယှဉ်ခြင်း**

သင်ယူမှု**နှစ်မျိုးလုံး**တွင် ကျောင်းသူ/သားတို့သည် အတွေးအမြင်၊ ပြဿနာ၊ အချက်အလက်များကို နားလည်အောင် ကြိုးစားသော (ကျောင်းသူ/သားတို့ကိုယ်တိုင်လေ့လာသည့်) တက်ကြွသောသင်ယူမှုပါဝင်ပါသည်။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid



သင်ယူမှု**နှစ်မျိုးလုံး**တွင် ဆရာ/မက ကူညီပံ့ပိုးသူ (သို့) လမ်းညွှန်သူအဖြစ် ပါဝင်သည်။

သင်ယူမှု**နှစ်မျိုးလုံး**တွင် ကျောင်းသူ/သားတို့သည် အုပ်စုငယ်များဖွဲ့လျက် (၂၁ ရာစုကျွမ်းကျင်မှု၏ C လေးလုံး၊ သင်ရိုးပိုင်း ၄ ကို ကြည့်ပါ) ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ဖန်တီးမှု၊ ပူးပေါင်းလုပ်ဆောင်မှုတို့ ပါဝင်သည်။


သင်ယူမှု**နှစ်မျိုးလုံး**တွင် လက်တွေ့ဘဝအခြေအနေများ ပါဝင်သည်။

သင်ယူမှု**နှစ်မျိုးလုံး**တွင် မိမိတို့အခြေအနေဘယ်လိုရှိသလဲ။ နောက်တစ်ဆင့်လုပ်ရန်၊ ပိုမိုကောင်းမွန်ရန် ဘာဆက်လုပ်ရမလဲ ဟူ၍ ကျောင်းသူ/သားတို့က ၎င်းတို့၏တိုးတက်မှုကို ပြန်လည်သုံးသပ်ခြင်း၊ ကိုယ်တိုင်အကဲဖြတ်ခြင်းတို့ ပါဝင်ပါသည်။

## ၄.၁ စူးစမ်းမှုအခြေပြုသင်ယူမှုကို မည်သို့လုပ်ဆောင်ပါသနည်း

စူးစမ်းမှုအခြေပြုသင်ယူမှုဟူသည်မှာ မေးခွန်း၊ ပြဿနာ၊ အခင်းအကျင်းများဖြင့် စတင်သည့် သင်ယူမှု ဖြစ်သည်။ စိတ်ဝင်စားဖွယ် မေးခွန်းများဖြင့် ကျောင်းသူ/သားတို့ကို စိတ်အား တက်ကြွစေသည်။


စူးစမ်းမှုအခြေပြုသင်ယူမှု အသုံးပြုရန် သင့်တော်သည့် ဘာသာရပ်မှာ သိပ္ပံဖြစ်သည်။ အပင်အကြောင်း ကျောင်းသူ/သားတို့ မေးခွန်းမေးရန် ကြည့်ရှုလေ့လာခြင်း၊ အမျိုးအစားခွဲခြင်း၊ ပုံစံရှာဖွေခြင်း၊ ခြားနားချက်ကို သတိမူခြင်းတို့ကို လုပ်ဆောင်နိုင်ပါသည်။ ကျောင်းသူ/သားတို့က ရှုထောင့်မျိုးစုံမှ (ဥပမာ အပင်စသည်တို့ကို ကြည့်ရှု၊ နားထောင်၊ ပြောဆို၊ ထိတွေ့ခြင်းဖြင့်) လွတ်လပ်စွာ စူးစမ်းခွင့်ပေးလျှင် သိပ္ပံဆိုင်ရာ စူးစမ်းမှု ဖွံ့ဖြိုးပြီး ပိုမိုနက်နဲသည့် မေးခွန်းများ မေးမြန်းစေနိုင်ပါမည်။




Source:
https://commons.wikimedia.org/wiki/File:Inquirey_based_learning_helps_to_fascilitate_students_autonomy.png (free)

Implemented by: British Council, The Open University, VSO, montrose

## ၄.၂ ပြဿနာအခြေပြုသင်ယူမှုအသွင်အပြင်




ပြဿနာအခြေပြုသင်ယူမှုမှာ ဘာသာရပ်တစ်ခုကို သင်ယူရန်၊ အဖြေများစွာရှိနိုင်သည့် ပြဿနာတစ်ရပ်ကို ဖြေရှင်းရန် ကျောင်းသားဗဟိုပြု ချဉ်းကပ်နည်းဖြစ်ပါသည်။ အုပ်စုဖွဲ့လုပ်ဆောင်လေ့ရှိပြီး (ဆရာ/မက ချပေးလေ့ရှိသည့်) ပြဿနာက လှုံ့ဆော်သည့်အရာဖြစ်သည်။ ၎င်းတို့ဘာကိုသိထားပြီးဖြစ်ကြောင်း စူးစမ်းရန် ပြဿနာကို ကျောင်းသူ/သားတို့က အချိန်ယူ စစ်ဆေး၊ ဖွင့်ဆိုကြသည်။ ပြဿနာဖြေရှင်းရာတွင် လိုအပ်သည့် အချက်အလက်နှင့်နည်းလမ်းများအား ရနိုင်သည့် နေရာများကို ဖော်ထုတ်ရာတွင် ၎င်းတို့ရှာဖွေ/သင်ယူရန်၊ ၎င်းတို့ကိုအထောက်အကူပြုရန် လိုအပ်ချက်များကို ပေါ်လွင်ထင်ရှားစေသည်။ ထို့နောက်ဖြစ်နိုင်သည့်ပြဿနာဖြေရှင်းနည်းများကို သုံးသပ်အကဲဖြတ်ပြီး အတူတူဖြေရှင်းကြပါသည်။ တွေ့ရှိချက်များကို အတန်းအား တင်ပြကြပါသည်။

Source: https://commons.wikimedia.org/wiki/File:T_vs_PBL.png (free)

### လုပ်ဆောင်ချက် ၇.၆ - စူးစမ်းမှုအခြေပြုလား(သို့)ပြဿနာအခြေပြုလား (၃၀ မိနစ်)

ယခင်ဖတ်ခဲ့သည့်စာပိုဒ်တွင် စူးစမ်းမှုအခြေပြုနှင့် ပြဿနာအခြေပြုသင်ယူမှုအကြောင်းလေ့လာခဲ့ပြီ။ အောက်ပါသင်ခန်းစာခေါင်းစဉ်များကို ကြည့်ရှုပြီး စူးစမ်းမှု(သို့)ပြဿနာအခြေပြု သင်ယူမှုကိုအသုံးပြုပြီး သင်ကြားနိုင်ပုံကို စဉ်းစားပါ။ မိမိသင်ကြားသည့် ကျောင်းသူ/သားတို့၏အရွယ်နှင့် မကိုက်ညီလျှင် ဥပမာများ ပြောင်းလဲနိုင်ပါသည်။ ဥပမာအချို့ကို ပေးထားပါသည်။

| | စူးစမ်းမှုအခြေပြုသင်ယူမှု | ပြဿနာအခြေပြုသင်ယူမှု |
|---|---|---|
| ရူပဗေဒ - အခဲ၊ အရည်၊ အငွေ့တို့၏ သိပ်သည်းဆ | | "အတန်းထဲက ပစ္စည်းတွေနဲ့ ဖောင်ဖွဲ့ရမယ်။ ဘယ်ပစ္စည်းတွေ သုံးလို့ရမလဲ" |

| | | |
|---|---|---|
| စက်မှုပညာ- ပစ်လွှတ်သည့်ပစ္စည်း၏ ရွေ့ရှားမှု | | |
| အင်္ဂလိပ်စာ - ရိုးရိုး အတိတ်ကာလ | "မိမိတွေ့ကြုံဖူးသမျှတွင် အကောင်းဆုံး -------- က ဘာဖြစ်ပါသလဲ"ဟူသော ပုံစံကို သုံး၍ကျောင်းသူ/သားများအား အုပ်စုဖွဲ့စေပြီး အတန်းတွင်း စစ်တမ်း ကောက်ကြပါစေ။ | |
| ဂီတ- အနောက်တိုင်းနှင့် ငါးသံစကေး | | |
| သမိုင်း - ပါကစ္စတန်ထံမှ ဘင်္ဂလားဒက်ရှ် ရသည့်လွတ်လပ်ရေး | | |

### လုပ်ဆောင်ချက် ၇.၆ အဖြေ

| | စူးစမ်းမှုအခြေပြုသင်ယူမှု | ပြဿနာအခြေပြုသင်ယူမှု |
|---|---|---|
| ရူပဗေဒ- အခဲ၊ အရည်၊ အငွေ့တို့၏ သိပ်သည်းဆ | အကြောင်းအရာအပေါ်အခြေခံသည့် လုပ်ငန်းတစ်ခုကို ကျောင်းသူ/သားတို့ အား ကိုယ်တိုင် ရွေးချယ်ကြပါစေ။ အကြောင်းအရာကို ဆွေးနွေးစဉ် မေးခွန်းကိုယ်တိုင်ထုတ်ကြသည်။ | "အတန်းထဲက ပစ္စည်းတွေနဲ့ ဖောင်ဖွဲ့ရမယ်။ ဘယ်ပစ္စည်းတွေ သုံးလို့ရမလဲ။ ဘယ်ဟာက ပို ထိရောက်မလဲ" |
| စက်မှုပညာ - ပစ်လွှတ်သည့် ပစ္စည်း၏ ရွေ့ရှားမှု | အကြောင်းအရာအပေါ်အခြေခံသည့် လုပ်ငန်းတစ်ခုကို ကျောင်းသူ/သားတို့ အား ကိုယ်တိုင် ရွေးချယ်ကြပါစေ။ အကြောင်းအရာကို ဆွေးနွေးစဉ် မေးခွန်းကိုယ်တိုင်ထုတ်ကြသည်။ | "မြို့တံတိုင်းကျော်ပြီး ပစ်ရမယ်။ တစ်ပုံစံတည်း ပစ်တဲ့အခါ ဘယ်ပစ္စည်းက အဝေးဆုံးရောက်မလဲ" |
| အင်္ဂလိပ်စာ - ရိုးရိုး အတိတ်ကာလ | ကျောင်းသူ/သားတို့က အတန်းဖော်များ အကြောင်း ပိုသိလိုလျှင်"မိမိတွေ့ကြုံဖူး သမျှတွင် အကောင်းဆုံး-------- က ဘာဖြစ်ပါသလဲ"ဟူသော ပုံစံကို သုံး၍ အတန်းတွင်းစစ်တမ်းကောက်ကြပါစေ။ | "စားသောက်ဆိုင်တစ်ခု ရောက်ခဲ့စဉ်က မကျေနပ်စရာအကြောင်း တိုင်စာရေး ကြမယ်" |
| ဂီတ - အနောက်တိုင်းနှင့် ငါးသံစကေး | ကျောင်းသူ/သားတို့အား စကေးနှစ်ခု ပေါင်းပြီး ရိုးရိုးရှင်းရှင်း ဂီတလက်ရာတစ်ခု ဖွဲ့ဆိုပါစေ။ ကျောင်းသူ/သားတို့ ဆက်လက် စူးစမ်းရှာဖွေလေ့လာ ကြပါမည်။ | "ငါးသံသုံးထားတဲ့ တူရိယာသုံးပြီး တီးမှုတ်တဲ့ အခါ အနောက်တိုင်းစကေးထဲ ဘယ်အသံက ကြောင်နေမလဲ" |
| သမိုင်း - ပါကစ္စတန်ထံမှ ဘင်္ဂလားဒက်ရှ်ရသည့် လွတ်လပ်ရေး | ကျောင်းသူ/သားတို့သည် ဘင်္ဂလားဒက်ရှ် အကြောင်းကို လေ့လာပြီး လွတ်လပ်ရေး ရရှိပုံကို ပိုမိုသိရှိလိုပါမည်။ အုပ်စုဖွဲ့ သုတေသန လုပ်ပြီး တင်ပြရန်ဆုံးဖြတ် ကြပါသည်။ | **"**ပါကစ္စတန်ကနေ ဘင်္ဂလားဒေ့ရှ် လွတ်လပ်ရေး ရသွားစေတဲ့ အဖြစ် အပျက်အကြောင်း ဆွေးနွေးကြရာမှာ ဘယ်အရင်းအမြစ်က ဘက်လိုက်မှု အနည်းဆုံးလဲဆိုတာ သေချာဖို့ လိုတယ်**"** |

## ၅. မေးခွန်းရေးသားနည်း

မေးခွန်းရေးနည်း (Question Formulation Technique/QFT)ကို မှန်ကန်သည့်မေးခွန်းသိပ္ပံ (the Right Question Institute)မှ ဖော်ဆောင်ခဲ့သည်။ မေးခွန်းကို **မေးမြန်းခြင်း၊ ပိုမိုကောင်းမွန်စေခြင်း၊ ဦးစားပေးရွေးချယ်ခြင်း**တို့အတွက်

Funded by: UKaid



အထောက်အကူပြုသည့် ရိုးရိုးရှင်းရှင်း နည်းလမ်းတစ်ခုဖြစ်သည်။ အတန်းတွင်း ဆရာ/မနှင့် ကျောင်းသူ/သားများ မေးခွန်းမေးပုံကို ဤနည်းဖြင့် ပိုမိုကောင်းမွန်အောင်လုပ်နိုင်ပါသည်။ ကျောင်းသူ/သားများ အပေါ်ယံမဟုတ်ဘဲ ပိုမိုနက်နဲစွာ တွေးတောစေနိုင်မည့် မေးခွန်းများကို မေးမြန်းနိုင်အောင် တည့်မတ်ပေးနိုင်ပါသည်။ QFTသည် စဉ်စားချိန်ပိုပေးပြီး ကလေးအားလုံး တွေးတောဆင်ခြင်မှုကို အချင်းချင်း ကူညီပံ့ပိုးစေနိုင်မည့် အားလုံးအကျုံးဝင်သည့် ဗျူဟာတစ်ရပ် ဖြစ်ပါသည်။

၎င်းသည် စူးစမ်းမှုနှင့်ပြဿနာအခြေပြု သင်ယူမှုတွင် အသုံးဝင်သည့်နည်းလမ်းဖြစ်ပါသည်။ ပြဿနာနှင့်ကြုံသည့်အခါ အောက်ပါတို့ကို အဆင့်ဆင့်လုပ်ဆောင်ရန်ဖြစ်သည်။

**၁. မေးခွန်း အဓိကထားသည့်အရာကိုဖော်ပြပါ**

အဆိုတစ်ခု၊ အတွေးအမြင်တစ်ခု၊ ပုံတစ်ပုံ၊ ပြဿနာတစ်ရပ်ဖြစ်နိုင်ပါသည်။

**၂. မေးခွန်းထုတ်ပါ (၅ မိနစ်)**

မေးခွန်းရသလောက်ထုတ်ပါ။ အဖြေများကို ဆွေးနွေးခြင်း၊ မေးခွန်းများကိုဝေဖန်ခြင်းကို ရှောင်ရှားပါ။
မေးခွန်းတိုင်းကိုအရင်းအတိုင်းပြန်ရေးပါ။ အဆိုများကို မေးခွန်းအဖြစ်ပြောင်းလဲပါ။

**၃. မေးခွန်းကိုပိုမိုကောင်းမွန်အောင် ပြုပြင်ပါ (၅ မိနစ်)**

အဖွင့်မေးခွန်းများများ၊ အပိတ်မေးခွန်းအချို့ ပါပါစေ။ ပိုရှင်းအောင် အချို့မေးခွန်းများကို ပြန်ရေးပါ။

**၄. ဦးစားပေး မေးခွန်းများကို သတ်မှတ်ပါ (၃ မိနစ်)**

အကြိုက်ဆုံးမေးခွန်း ၃ ခုမှာ အဘယ်နည်း။

**၅. စီစဉ်ပါ (၂ မိနစ်)**

နောက်အဆင့်များတွင် ဘာဆက်လုပ်ပါမည်နည်း။

**၆. လုပ်ဆောင်ချက်**

သင့် အစီအစဉ်ကို အကောင်အထည်ဖော်ပါ။

**၇. ပြန်လည်သုံးသပ်ပါ**


မိမိ၏မေးခွန်းများကို ဖြေကြည့်ပါသလား။ မေးခွန်းများ မှန်ပါသလား။
နောက်ထပ်မေးစရာရှိပါသလား။

Implemented by: BRITISH COUNCIL The Open University VSO montrose

Funded by:

**လုပ်ဆောင်ချက် ၇.၇ - QFT မေးခွန်းရေးသားနည်း (၁၀ မိနစ်)**

မေးခွန်းရေးနည်းအကြောင်းဖတ်ခဲ့ပြီ။ ဤနည်းအကြောင်း နောက်ထပ်သိမှတ်ဖွယ်များကို ဗီဒီယိုတွင် ကြည့်ရပါမည်။




Source: https://www.youtube.com/watch?v=VRi7PULO2-o (Creative Commons)

အောက်ပါမေးခွန်းများဖြေဆိုပါ။

**မေးခွန်းထုတ်**ရန် လမ်းညွှန်ချက်များမှာ အဘယ်နည်း။

**ဦးစားပေး**လုပ်ငန်းစဉ် အဘယ်ကြောင့်အရေးကြီးပါသနည်း။

အတူလေ့လာသည့်အုပ်စုတွင်း အချင်းချင်း နားလည်မလည် စစ်ဆေးရန် ဆွေးနွေးကြပြီး သင်ယူမှုဂျာနယ်တွင် မှတ်တမ်းတင်ပါ။

**လုပ်ဆောင်ချက် ၇.၇ အဖြေ**

**မေးခွန်းထုတ်ရန် လမ်းညွှန်ချက်များမှာ အဘယ်နည်း။**

၁. မေးခွန်းရသလောက်ရေးပါ။

၂. မေးခွန်းကောင်းမကောင်း မဖြေရ မဝေဖန်ရပါ။

၃. မေးခွန်းကို မူရင်းအတိုင်းပြန်ရေးပါ။

၄. မေးခွန်းက အဖွင့်(သို့)အပိတ်ဖြစ်ကြောင်းဆုံးဖြတ်ပါ။

၅. ဦးစားပေးမေးခွန်းများကို ချမှတ်ပါ။

Implemented by:

**ဦးစားပေးလုပ်ငန်းစဉ် အဘယ်ကြောင့်အရေးကြီးပါသနည်း။**

မေးခွန်းကောင်းများနှင့် မထိရောက်လှသော မေးခွန်းများကို ကျောင်းသူ/သားတို့ စတင်ခွဲခြားနိုင်ရန် ကျောင်းသူ/သားများကို အထောက်အကူပြုပါမည်။ စိတ်ကူးတစ်ခုရတိုင်း ပထမဆုံးအတွေးသည် များသောအားဖြင့် အကောင်းဆုံးမဖြစ်ပါ။ သို့သော် အသုံးမဝင်သည်များကို ဖယ်ထုတ်လိုက်ပြီး ဆက်လက်ကြံဆရန် အချိန်ပေးလျှင် ပိုမိုကောင်းမွန်သည့် အတွေးအမြင်များ ပေါ်ထွန်းလာပါမည်။

ဦးစားပေးချမှတ်မှုဖြင့် အနုစိတ်တွေးနိုင်၊ ပန်းတိုင်ထံပိုမိုထိရောက်စွာ ရောက်ရှိစေနိုင်၊ ကျောင်းသူ/သားများ ဆက်လက်ဆွေးနွေးလိုသည်များကို ရှင်းရှင်းလင်းလင်း ပြဆိုစေနိုင်ပါမည်။ အချိန်ကို အကျိုးရှိရှိအသုံးပြုပြီး စိတ်ထွေပြားမှုများ ရှောင်ရှားနိုင်ခြင်းကြောင့် ကျောင်းသူ/သားတို့ အချိန်ကိုလည်း ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်ပါမည်။

ဦးစားပေးချမှတ်ခြင်းဖြင့် သင်ယူသူအားလုံးအတွက် မည်သည်က အရေးအကြီးဆုံးမေးခွန်းများ ဖြစ်ကြောင်း ကျောင်းသူ ကျောင်းသားများ ဆွေးနွေးနိုင်ပါမည်။

## လုပ်ဆောင်ချက် ၇.၈ - QFT မေးခွန်းရေးနည်းသာဓက (၂၀ မိနစ်)

**အောက်ပါပုံကိုကြည့်ပါ။**

ဤပုံအတွက်မေးခွန်းဘယ်နှစ်ခုထုတ်နိုင်ပါမည်နည်း။
မည်သည့်မေးခွန်းကို ဦးစားပေးပါမည်နည်း။
ဖြစ်နိုင်ပါက မေးခွန်းများကို လုပ်ဖော်ကိုင်ဖက်များနှင့် ဝေမျှပြီး မည်သည့်မေးခွန်းများကို အဘယ်ကြောင့်ဦးစားပေးကြောင်း ရှင်းပြပါ။ သင်ယူမှုဂျာနယ်ထဲ အဖြေရေးပါ။



Source: https://www.flickr.com/photos/ableman/35005430061 (free)

Funded by: UKaid

Towards Results in Education & English

## လုပ်ဆောင်ချက် ၇.၈ အဖြေ




### ဦးစားပေးချမှတ်ခြင်း

- သင်ယူသူများအပေါ်နှင့် ၎င်းတို့စိတ်ဝင်စားမှုအပေါ် မူတည်၍ ဦးစားပေးချမှတ်ပါမည်။
- သင်ရိုးညွှန်းတမ်းရှိ နယ်ပယ်တစ်ခုခြုံငုံမိအောင် ဆရာ/မက ကျောင်းသူ/သားများကို ဦးတည်တည့်မတ်ပေးလိုပါမည်။
- ဦးစားပေးမချမှတ်မီ ကျောင်းသူ/သားများသည်'ရေခဲတုံးကြီးများဟူသည်မှာ ရေခဲတောင်မှ ကွဲထွက်သွားသည့် ရေခဲအပိုင်းအစကြီးများဖြစ်သည်'ဟူသည့် အဆိုများဖွင့်ဆိုကြပါမည်။ ကျောင်းသူ/သားတိုင်း ရေခဲတောင်ကို သိမသိမေးပါ (အပိတ်မေးခွန်း)။ ကျောင်းသူ/သားတို့မသေချာလျှင် နောက်မေးခွန်းတစ်ခုထပ်ထည့်ပါမည် - ရေခဲတောင်ဟူသည်အဘယ်နည်း။
- ကျောင်းသူ/သားတို့မှ "မြောက်ကမ္ဘာခြမ်းမှ ရေခဲတုံးကြီးအများစုက ဂရင်းလန်ရှိ ရေခဲတောင်များမှ ကွဲထွက်ခဲ့ခြင်းဖြစ်သည်"ကဲ့သို့သော အဆိုပြုကြလျှင် ဆရာ/မက ၎င်းတို့အား မေးခွန်းအသွင်ပြောင်းခိုင်းပါ။

မေးခွန်းကိုယေဘုယျမှ တိတိကျကျပြောင်းသည့်**ဥပမာ**

ဘာဖြစ်နေပါသလဲ။
ရေခဲကိုဖြတ်ထားတာလား။
အလယ်မှာ ဘာကြောင့်အများကြီးဟနေတာလဲ။
ရေခဲတုံးအရည်ပျော်ဖို့ဘယ်လောက်ကြာပါသလဲ။
ရေခဲတုံးတွေကမျက်နှာပြင်အောက် ဘယ်လောက်နက်ပါသလဲ။

**မေးခွန်းဆက်မေးရင်း ပိုမိုတိကျလာကာ ဆွေးနွေးခွင့်ပိုမိုရရှိစေပါသည်။**

Implemented by: British Council, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

# ၆. QFT မေးခွန်းရေးနည်းကို စူးစမ်းမှုအခြေပြုသင်ယူမှုနှင့်ချိတ်ဆက်ခြင်း

စူးစမ်းမှုအခြေပြုလုပ်ငန်းအတွင်း ကျောင်းသူ/သားတို့ မေးမြန်းသည့်မေးခွန်းများ ရှင်းရှင်းလင်းလင်းဖြစ်စေရန် မေးခွန်းရေးနည်းကို အသုံးပြုပုံကို **<u>ဖတ်ရှု</u>**ပါ။

## ဖတ်ရှုပါ - မေးခွန်းရေးနည်းကို စူးစမ်းမှုအခြေပြုသင်ယူမှုနှင့်ချိတ်ဆက်ခြင်း

စူးစမ်းမှုအခြေပြုလုပ်ငန်းသည် တစ်စုံတစ်ရာအကြောင်းရှာဖွေရာတွင်လည်းကောင်း၊ တစ်စုံတစ်ရာကို လုပ်ဆောင်ပုံနှင့် ဖန်တီးပုံကိုလည်းကောင်း အာရုံစိုက်ပါသည်။ လုပ်ငန်းက ဘယ်ဘာသာရပ်၊ ဘယ်သင်ခန်းစာ၊ ဘယ်အကြောင်းအရာနှင့် သက်ဆိုင်ကြောင်း ရှင်းလင်းရန်လိုပါမည်။ နောက်ထပ်ဘာသာရပ်များ၊ အကြောင်းအရာများအကြား လုပ်ငန်းများလည်း ရှိနိုင်ပါသေးသည်။ ထို့ကြောင့် ဘာသာရပ်အသီးသီးအကြား ဆက်စပ်ပုံကို သိမြင်နိုင်ရေးအတွက် အကျိုးရှိပါသည်။

စူးစမ်းမှုအခြေပြုလုပ်ငန်း၏ အဓိကအသွင်အပြင်မှာ အစပိုင်းတွင် ကျောင်းသူ/သားတို့အဖြေရှာလိုသည့် အကြောင်းအရာအတွက် <u>မေးခွန်းတစ်ခု</u> ဖော်ထုတ်မေးမြန်းခြင်းဖြစ်သည်။ အွန်လိုင်းသို့မဟုတ် အော့ဖလိုင်း သုတေသန၊ ကြည့်ရှုလေ့လာမှု၊ စမ်းသပ်ချက်၊ တွေ့ဆုံမေးမြန်းမှုတို့ စသည်တို့ကို လုပ်ဆောင်နိုင်ပါသည်။

ကျောင်းသူ/သားတို့သည် (အထက်တွင်ရှင်းပြခဲ့သည့်)မေးခွန်းရေးနည်းဖြင့် ၎င်းတို့မေးမြန်းသည့်မေးခွန်းကို ရှင်းလင်းအောင် ဖော်ပြရာတွင် သုံးသင့်ပါသည်။

စူးစမ်းမှုအခြေပြုလုပ်ငန်းအောင်မြင်ရန်မှာ သေသေချာချာရေးသားထားသော ကနဦးမေးခွန်းအပေါ် များစွာမူတည်ပါသည်။ မေးခွန်းက တိကျပြီး ဝေဝါးခြင်းကင်းကာ စူးစမ်းမှုလုပ်ဆောင်သူများ၏ ဘာသာရပ်၊ အဆင့်၊ စိတ်ပါဝင်စားမှုတို့နှင့် သက်ဆိုင်ရပါမည်။ သေသေချာချာရေးသားထားသည့်မေးခွန်းသည် အဖြေရှာနိုင်ရန် စူးစမ်းမှုလုပ်ငန်းဖြင့် အခွင့်အလမ်းများကို ပွင့်လင်းစေပြီး လမ်းညွှန်သွားပါသည်။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid



A

## လုပ်ဆောင်ချက် ၇.၉ - QFT မေးခွန်းရေးနည်းသုံးသည့် စူးစမ်းမှုအခြေပြုသင်ယူမှု လုပ်ငန်းများ (၂၀-၃၀ မိနစ်)

စူးစမ်းမှုအခြေပြုသင်ယူမှုဆိုင်ရာ ခေါင်းစဉ်အချို့ကို နောက်စာမျက်နှာတွင် တွေ့ရပါမည်။ သင်စိတ်အဝင်စားဆုံး ခေါင်းစဉ်တစ်ခုကို ရွေးချယ်ပါ။

စံသတ်မှတ်ချက်များကို ထင်ဟပ်သည့် **ကနဦးမေးခွန်း**တစ်ခုကို **ခေါင်းစဉ်**တစ်ခုချင်းအတွက် တွေ့ရပါမည်။ ရွေးချယ်လိုက်သည့် ခေါင်းစဉ်အတွက် မိမိ၏စူးစမ်းမှုအခြေပြုလုပ်ငန်းကို တည့်မတ်ပေးနိုင်မည့် **မေးခွန်းများထပ်ထည့်ပါ**။ ပထမခေါင်းစဉ်အတွက် ဥပမာကိုအောက်တွင်ပေးထားပါသည်။

**ဥပမာ**

**အဆင့် ၁ - ခေါင်းစဉ်ဖော်ထုတ်ခြင်း -** ကျောင်းများရှိ ကျား/မရေးရာ

**အဆင့် ၂ - မေးခွန်းဖော်ထုတ်ခြင်း -** ကျောင်းများတွင် ကျား/မ တန်းတူညီမျှမှု မည်ကဲ့သို့ ရှိစေနိုင်ပါမည်နည်း။

**အဆင့် ၃ - မေးခွန်းများထပ်ထည့်ခြင်း -** (နှင့်ဦးစားပေးများ စတင်ချမှတ်ခြင်း)

- ပုံနှိပ်စာအုပ်ကဲ့သို့သော သင်ယူမှုပစ္စည်းများတွင် ကျား/မရေးရာကို ညီတူညီမျှကိုယ်စားပြုထားပါသလား။

- ရလဒ်တွင် ကျား/မ မဟူ တိုးတက်မှုရှိပါသလား။

- ကျောင်းတွင် ကျား/မ မဟူ အခွင့်အလမ်းအတူတူရကြပါသလား။

### စူးစမ်းမှုအခြေပြုသင်ယူမှုလုပ်ငန်း - ခေါင်းစဉ်နှင့်မေးခွန်းများ

| ခေါင်းစဉ် | မေးခွန်း |
|---|---|
| **ကျောင်းများတွင် ကျား/မသာတူညီမျှမှု** | ကျောင်းများတွင် မည်ကဲ့သို့ ကျား/မ တန်းတူညီမျှမှု ရှိစေနိုင်ပါမည်နည်း။ |
| **ကျောင်းသူ/သားတို့အတွက် မူလတန်းသုံး ဈေးချိုသည့် အာရုံအမျိုးမျိုးဖြင့်သင်ယူမှု အရင်းအမြစ်များ** | ကျောင်းသူ/သားတို့အော့ဖ်လိုင်းတွင်သုံးနိုင်မည့် ဈေးချိုသည့် အာရုံအမျိုးမျိုးဖြင့်သင်ယူမှု အရင်းအမြစ်များကို ဆရာ/မတို့ မည်သို့ဖန်တီးနိုင်ပါမည်နည်း။ |
| **မိမိဘာသာရပ်တွင် အာရုံအမျိုးမျိုးဖြင့်သင်ယူမှု** | သင်္ချာဘာသာရပ် သင်သည့်အခါ လှုပ်ရှားမှုဖြင့် သင်ယူစေနိုင်မည့် အကောင်းဆုံးအရင်းအမြစ်မှာ အဘယ်နည်း။ |
| **မူလတန်းအတွက် အားလုံးအကျုံးဝင် စာဖတ်ရှုမှု အရင်းအမြစ်များသည် မတူကွဲပြားသူများသည်** | အမြင်အာရုံချို့တဲ့သော မူလတန်း ကျောင်းသူ/သားများအား စာဖတ်ရာတွင် ပံ့ပိုးရန် မည်သည့်အရင်းအမြစ်များ ရနိုင်ပါသနည်း။ |

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid



| **ခေါင်းစဉ်** | **မေးခွန်း** |
| --- | --- |
| **ညီတူညီမျှတန်ဖိုး၊ အရေးပါမှုနှင့် အခွင့်အလမ်းတို့ ရှိကြကြောင်းပြသသည်** | |
| **အဓိကကျွမ်းကျင်မှုများကို သင်ယူမှုအဆင့်ဆင့် အတွက် ခွဲစိတ်ခြင်း (လုပ်ဆောင်ချက်ကို ပိုင်းခြား စိတ်ဖြာသုံးသပ်မှု)** | ကျောင်းသူ/သားတို့နားလည်မှုကို ပံ့ပိုးပေးရန် သင်ခန်းစာကို မည်ကဲ့သို့ အစဉ်လိုက် အဆင့်ဆင့် ခွဲနိုင်ပါမည်နည်း။ |
| **မူလတန်းသင်ရိုးညွှန်းတမ်းမှ ၂၁ ရာစု C လေးလုံး ကျွမ်းကျင်မှုများ** | မူလတန်းပထမနှစ် သင်္ချာ/ဘာသာစကား/ကာယ/အခြား ဘာသာရပ်များသည် အာရုံအမျိုးမျိုးဖြင့် လက်ချောင်းကြွက်သား ချိန်ညှိလှုပ်ရှားမှု/ဟန်ချက်/အချင်းချင်းနားထောင်မှု/အတွေးအမြင် ခံစားချက်များကို နှုတ်ဖြင့်ထုတ်ဖော်ပြောကြားမှု စသည့်ကျွမ်းကျင်မှုများကို မည်ကဲ့သို့ဖော်ဆောင်နိုင်ပါမည်နည်း။ |
| **ဆရာအတတ်ပညာ သင်ရိုးညွှန်းတမ်းမှ ၂၁ ရာစု၏ C လေးလုံး ကျွမ်းကျင်မှုများ** | နှစ်ဝက်ကျောင်းဖွင့်ပွဲတွင် ကျောင်းသူ/သားတို့၏ အက ဖျော်ဖြေရေးအတွက် ပြင်ဆင်ရာတွင် C လေးလုံးကို မည်ကဲ့သို့ ဖော်ဆောင်နိုင်ပါမည်နည်း။ |
| **သင်ရိုးညွှန်းတမ်းအသစ်တွင် သင်ယူသူ ဗဟိုပြု ချဉ်းကပ်မှုကို သုံးခြင်း** | မိမိဘာသာရပ်ကို လေ့လာရာတွင် ကျောင်းသူ/သားတို့ မိမိကိုယ်ကို ယုံကြည်စိတ်ချပြီး သက်တောင့်သက်သာရှိကာ စိတ်အားတက်ကြွစေရန် မည်သည့်လိုအပ်ချက်များရှိပါသနည်း။ သင်ခန်းစာတွင် မိမိ၏တပည့်များ ပိုမိုပါဝင်လာအောင် မည်ကဲ့သို့ အားပေးနိုင်ပါမည်နည်း။ |
| **ထိရောက်သောအုပ်စုဖွဲ့လုပ်ဆောင်နည်းအမျိုးမျိုး** | အုပ်စုလိုက်လုပ်ဆောင်စဉ် ကျောင်းသူ/သားအချင်းချင်း ထိထိရောက်ရောက် တုံ့ပြန်ဖြေကြားစေနိုင်ရန် မည်သည့်စံပြုပုံစံကို အသုံးပြုနိုင်ပါသနည်း။ |
| **ကျောင်းတစ်ခုလုံးရှိ အပြုသဘောဆောင် သင်ယူမှုဝန်းကျင်** | ကျောင်းသူကျောင်းသားတို့အတွက် မည်သည့် သင်ရိုးညွှန်းတမ်း ပြင်ပ (သင်ရိုးနှင့်တွဲမထားသော)လုပ်ဆောင်ချက်များ ရှိပါသနည်း။ ကျောင်းသူ/သားတို့ အမှားလုပ်မိသောအခါ ဆရာ/မက မည်ကဲ့သို့ တုံ့ပြန်ပါသနည်း။ |
| **သင်ကြားမှုအတွက်မေးခွန်းသုံးခြင်း** | "ဘာကြောင့်လဲ"ဟုမေးသည့်အခါ ဘာဖြစ်ပါသနည်း။ |
| **STAR တုံ့ပြန်ဖြေကြားနည်းကို အဆင့်ဆင့် သင်ယူမှုနှင့် သုံးခြင်း** | မိမိ၏ကျောင်းသူ/သားများ STAR နည်းဖြင့် တုံ့ပြန်ဖြေကြားရန် ၎င်းတို့ကို မည်ကဲ့သို့ လေ့ကျင့်ပေးနိုင်ပါမည်နည်း။ |

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

## လုပ်ဆောင်ချက် ၇.၁၀ - စူးစမ်းမှု/ပြဿနာအခြေပြုသင်ယူမှုလုပ်ငန်းများကို အစီအစဉ်ရေးဆွဲခြင်း (၄၀ မိနစ်)

ကျောင်းသူ/သားများနှင့်အသုံးပြုနိုင်သည့် စူးစမ်းမှု(သို့)ပြဿနာအခြေပြုသင်ယူမှုလုပ်ဆောင်ချက်တစ်ခုကို ရေးဆွဲပါ။

လုပ်ငန်းလမ်းညွှန်ကိုကြည့်ပြီး လိုက်နာရမည့်ပုံစံကို ပြန်နွေးပါ။ အောက်တွင် နမူနာပေးထားပါသည်။

**ဥပမာ**

**အဆင့် ၁ - ခေါင်းစဉ်ဖော်ထုတ်ခြင်း -** ကျောင်းများရှိ ကျား/မရေးရာ

**အဆင့် ၂ - မေးခွန်းဖော်ထုတ်ခြင်း (စူးစမ်းမှုအခြေပြု) -** ကျောင်းများတွင် ကျား/မ ညီတူညီမျှမှုကို မည်ကဲ့သို့ ရှိစေနိုင်ပါမည်နည်း။

**အဆင့် ၂ - ပြဿနာဖော်ထုတ်ခြင်း (ပြဿနာအခြေပြု) -** ဒုတိယတန်းဖတ်စာတွင် လက်ခံနိုင်ဖွယ်မရှိသည့် မိန်းကလေးပုံများ ပါရှိသည်။ ဝတ်ပုံစားပုံ၊ လုပ်ကိုင်ပုံတို့ကို ပုံသေကားကျပုံစံဖြင့် ပြသထားသည်။

**အဆင့် ၃ - မေးခွန်းထပ်ထည့်ခြင်း** (နှင့် ဦးစားပေး စတင်ချမှတ်ခြင်း)

- ပုံနှိပ်စာအုပ်ကဲ့သို့သော သင်ယူမှုပစ္စည်းများတွင် ကျား/မရေးရာကို ညီတူညီမျှကိုယ်စားပြုထားပါသလား။

- ရလဒ်တွင် ကျား/မ မဟူ တိုးတက်မှုရှိပါသလား။

- ကျောင်းတွင် ကျောင်းသူ/သားအားလုံး ကျား/မ မဟူ အခွင့်အလမ်းအတူတူရကြပါသလား။

အထက်ပါဥပမာတွင် ကျောင်းသူ/သားတို့ ကနဦးခေါင်းစဉ်မှ ထုတ်ဖော်ခဲ့သည့်မေးခွန်းများကို ဆွေးနွေးပြီး သင်ယူမှုပစ္စည်းများတွင် ကျား/မရေးရာကို မည်ကဲ့သို့ ကိုယ်စားပြုထားကြောင်းကိုကြည့်ရန် ဆုံးဖြတ်ကြပါသည်။

**စီစဉ်ခြင်း** - ကျောင်းသူ/သားတို့သည် ကျောင်းတွင်သုံးသည့် သင်ယူမှုစာရွက်စာတမ်းများကို ဦးစွာဆွေးနွေးပြီး သင်ယူမှုအစီအစဉ်များအကြောင်းစသဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုကြပါသည်။ သူတို့၏သုတေသနကို မည်သို့လုပ်လိုကြောင်း ဆွေးနွေးကြသည်။

၎င်းတို့၏ကျောင်းရှိ သင်ယူမှုပစ္စည်းများကို သုတေသနတွင် အဓိကထားလေ့လာရန် အောက်ပါတို့ကို လုပ်ဆောင်ကြပါမည်။

- ကျောင်းရှိတစ်တန်းချင်းအတွက်ဖတ်စာများကိုရွေးချယ်ပြီး မိန်းကလေး၊ ယောကျ်ားလေးတို့ကို ဘယ်နှစ်ကြိမ် ထည့်ထားကြောင်းမှတ်သားခြင်း

- ကျား/မရေးရာကို ဖတ်စာအတွင်း ထည့်သွင်းထားရာတွင် ကျား/မ ပုံသေကားကျ အယူအဆများကို ခိုင်မာစေမည့်နည်းဖြင့် သုံးထားခြင်း ရှိမရှိ ကြည့်ခြင်း



Implemented by: BRITISH COUNCIL, The Open University, VSO, montrose

- ပုံပြင်စာအုပ်များကြည့်ပြီး ကျား/မကိုယ်စားပြုပုံကို သိရှိနားလည်ခြင်း၊

ကျား(သို့)မ တစ်ဦးဦးကို အဓိကဇာတ်ကောင်အဖြစ် ဦးစားပေးသရုပ်ဖော်ထားပါသလား။

- သင်ယူမှုပစ္စည်းများတွင် ကျား/မကိုယ်စားပြုပုံအပေါ် ဆရာ/မ၊ ကျောင်းသူ/သားတို့၏ အတွေ့အကြုံကို တွေ့ဆုံမေးမြန်းခြင်း

ကောင်းမွန်စွာရေးသားထားသည့် မေးခွန်းတစ်ခုကို ကျောင်းသူ/သားတို့ ကနဦးသဘောတူပြီး ၎င်းတို့ကျောင်းမှ သင်ယူမှုပစ္စည်းများကို အာရုံစိုက်လေ့လာရန် ဆုံးဖြတ်ခြင်းဖြင့် ထိုမေးခွန်းသည် လုပ်ငန်းစဉ်တစ်လျှောက် စူးစိုက်မှုကိုတိကျစေပြီး လမ်းညွှန်ပေးပါသည်။ နောင်အခါ ကျောင်းသူ/သားတို့ ဆက်လက်စူးစမ်းလိုသည့်မေးခွန်းများကို စဉ်းစားကြရန် အားပေးပါသည်။

Adapted from: https://www.myanmargraphic.com/ (free)

## လုပ်ဆောင်ချက် ၇.၁၁ - မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်း (၂၀ မိနစ်)

အောက်ပါတိုက်ဆိုင်စစ်စာရင်းကို အားလုံးအကျုံးဝင် ဆရာ/မတစ်ဦးအနေဖြင့် စဉ်းစားရန်ဖြစ်သည်။ **အဆိုတစ်ခုချင်းအတွက် ရိုးရိုးသားသားဖြင့် ဂဏန်းတစ်ခုကို အမှတ်ပေးပါ။ ရလဒ်ကိုမိမိ၏ CPDအစီအစဉ်ဖော်ဆောင်ရာတွင်သုံးနိုင်ပါသည်။** သင်ယူမှုဂျာနယ်တွင်ရေးပါ။

၁. ပြောင်းပြန်သင်ယူမှုဖြင့် ကျောင်းသူ/သားတို့ကိုယ်တိုင် သင်ယူမှုတွင်ပါဝင်လာစေပါသည်။

| လုံးဝမမှန်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အလွန်မှန်ပါသည် |
|---|---|---|---|---|---|---|---|---|---|---|---|

၂. စူးစမ်းမှုနှင့် ပြဿနာအခြေပြုသင်ယူမှုတွင် လိုက်နာရမည့်အချက်များကို နားလည်ပါသည်။

| လုံးဝမမှန်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အလွန်မှန်ပါသည် |
|---|---|---|---|---|---|---|---|---|---|---|---|

၃. စူးစမ်းမှုနှင့် ပြဿနာအခြေပြုသင်ယူမှု လုပ်ဆောင်ချက်တို့ကို အသုံးပြုခြင်း၏ အရေးပါပုံကို နားလည်ပါသည်။

| လုံးဝမမှန်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အလွန်မှန်ပါသည် |
|---|---|---|---|---|---|---|---|---|---|---|---|

၄. စူးစမ်းမှုအခြေပြုလုပ်ဆောင်ချက်ကို စီစဉ်နိုင်ပါသည်။

| လုံးဝမမှန်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အလွန်မှန်ပါသည် |
|---|---|---|---|---|---|---|---|---|---|---|---|

၅. ပြဿနာအခြေပြုလုပ်ဆောင်ချက်ကို စီစဉ်နိုင်ပါသည်။

| လုံးဝမမှန်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အလွန်မှန်ပါသည် |
|---|---|---|---|---|---|---|---|---|---|---|---|

# ၇. နိဂုံး

ဤသင်ရိုးပိုင်းတွင်အောက်ပါတို့ကို သင် လုပ်ဆောင်ခဲ့ပါသည်။

၁. ကျောင်းသူ/သားတို့ သင်ယူမှုတွင် ကိုယ်တိုင်ပါဝင်လာအောင် ပြောင်းပြန်သင်ယူမှုအသုံးပြုပုံကို သရုပ်ပြခဲ့သည်။

၂. စူးစမ်းမှုနှင့်ပြဿနာအခြေပြုသင်ယူမှုအတွက် လမ်းညွှန်ချက်များနှင့် ထိရောက်သော အုပ်စုဖွဲ့လုပ်ဆောင်ချက်များ အသုံးပြုပုံကို သရုပ်ပြခဲ့သည်။

၃. ပြန်လည်သုံးသပ်မှု၊ သဘောတရားနှင့်လက်တွေ့နှိုင်းယှဉ်မှုတို့ဖြင့် စူးစမ်းမှုအခြေပြု သင်ယူမှုလုပ်ငန်းတွင် မိမိပါဝင်ပုံကို ဆန်းစစ်ခဲ့သည်။

၄. ပြန်လည်သုံးသပ်မှု၊ သဘောတရားနှင့်လက်တွေ့နှိုင်းယှဉ်မှုတို့ဖြင့် ပြဿနာအခြေပြု သင်ယူမှုလုပ်ငန်းတွင် မိမိပါဝင်ပုံကို ဆန်းစစ်ခဲ့သည်။

၅. စူးစမ်းမှုအခြေပြု (သို့)ပြဿနာအခြေပြုသင်ယူမှု လုပ်ဆောင်ချက်တစ်ခုကို ပုံစံချမှတ်ရေးဆွဲခဲ့သည်။

## ဤသင်ရိုးပိုင်းမှအဓိကအချက်များ

- ပြောင်းပြန်သင်ယူမှုတွင် သင်ခန်းစာမတိုင်မီ ကြိုတင်လေ့လာရန် ကျောင်းသူ/သားတို့ကို သင်ယူမှု စာရွက်စာတမ်း (သို့)လုပ်ဆောင်ချက်များ ပေးထားသည်။ ကျောင်းသူ/သားများသည် အသိပညာနှင့်ကျွမ်းကျင်မှု အသစ်တို့ကို သင်ယူကြသည်။ ထို့နောက် သင်ခန်းစာကို တက်ရောက်ရာတွင် သင်ယူပြီးသည့်အရာများကို ဆောင်ကျဉ်းလာပါသည်။
- ပြောင်းပြန်သင်ယူမှုသည် ပို့ချချိန်ကို လျှော့ချပြီး အသုံးချမှုအတွက် အချိန်တိုးလာပါသည်။
- စူးစမ်းမှု(သို့)ပြဿနာအခြေပြုသင်ယူမှုသည် အမြင့်ပိုင်းအတွေးအခေါ်နှင့် ပညာသင်ယူရေးဆိုင်ရာ ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးစေပါသည်။
- QFT မေးခွန်းရေးနည်းဖြင့် မေးခွန်းများထုတ်ခြင်း၊ ကောင်းမွန်အောင်ပြုပြင်ခြင်း၊ ဦးစားပေးချမှတ်ခြင်းများ လုပ်ဆောင်နိုင်ပါသည်။

## ပြန်လည်သုံးသပ်ခြင်း

အောက်ပါမေးခွန်းများကို သင်ယူမှုဂျာနယ်တွင်စဉ်းစားဖြေဆိုပါ။

သင့်ပြောင်းပြန်သင်ယူမှုအတွေ့အကြုံအကြောင်း တွေးတောပါ။

- ကျောင်းသူ/သားတို့ကိုယ်တိုင် သင်ယူမှုတွင်ပါဝင်လာအောင် မည်သို့သုံးနိုင်ပါသနည်း။
- မူလတန်းတွင် ပြောင်းပြန်သင်ယူမှုကို မည်သို့သုံးနိုင်ပါမည်နည်း။

သင့်စူးစမ်းမှုအခြေပြုနှင့်ပြဿနာအခြေပြုသင်ယူမှုအတွေ့အကြုံအကြောင်းစဉ်းစားပါ။

- ဤလုပ်ငန်းမှ မည်သည်ကို သင်ယူခဲ့ပါသနည်း။
- လမ်းညွှန်ချက်များကိုလိုက်နာရန် လွယ်ကူပါသလား(သို့)ခက်ခဲပါသလား။

- မည်ကဲ့သို့အုပ်စုဖွဲ့လုပ်ဆောင်ပါသနည်း။
- မူလတန်းတွင် စူးစမ်းမှုအခြေပြုနှင့်ပြဿနာအခြေပြုသင်ယူမှုကို အစီအစဉ်ဆွဲရာတွင် မည်ကဲ့သို့ အကြံပြုလိုပါသနည်း။

## ၈. သင်ရိုးပိုင်း ၇ အဆုံးသတ်ပဟေဠိ

အောက်ပါမေးခွန်းများကို သင်ယူမှုဂျာနယ်တွင်ဖြေကြားပါ။ ရာနှုန်းပြည့်အောင်မြင်ရန် ကြိုက်သလောက် အကြိမ်ကြိမ်ဖြေဆိုနိုင်ပါသည်။ အချို့မေးခွန်းအတွက်အဖြေတစ်ခုထက်ပိုပါသည်။

မေးခွန်း ၁ - ပြောင်းပြန်သင်ကြားသည့်စာသင်ခန်းဟူသည်အဘယ်နည်း။ (အဖြေတစ်ခုရွေးရန်)

က) ကျောင်းသူ/သားတို့အိမ်မှ သင်ယူမှုပစ္စည်းအချို့ရှာဖွေပြီး သင်ခန်းစာသို့ ယူဆောင်လာကြသည်။

ခ) သင်ခန်းစာပါ အသိပညာနှင့်ကျွမ်းကျင်မှုများကို အသုံးချဆွေးနွေးနိုင်ရန် သင်ယူမှုပစ္စည်းများကို ကျောင်းသူ/သားတို့ကြိုတင် သင်ခန်းစာမတိုင်မီ ကြိုတင်လေ့လာကြသည်။

ဂ) ကျောင်းသူ/သားတို့သည် ဆရာ/မကို ၎င်းတို့လေ့လာလိုသည်များပြောပြသည်။

မေးခွန်း ၂ - ပြောင်းပြန်သင်ယူမှုသည် ကျောင်းသူ/သားတို့ကို မည်ကဲ့သို့ တက်ကြွစွာကိုယ်တိုင်သင်ယူစေပါသနည်း။ (အဖြေသုံးခု ရွေးပါ)

က) ကျောင်းသူ/သားတို့သည် သင်ခန်းစာတွင် အသိပညာနှင့် ကျွမ်းကျင်မှုတို့ အသုံးချပြီး ဆွေးနွေးချက်၊ လုပ်ဆောင်ချက်တို့တွင် ပါဝင်သည်။

ခ) ပြီးအောင်လုပ်လိုသည့်လုပ်ဆောင်ချက်များကို ကျောင်းသူ/သားတို့က ရွေးချယ်သည်။

ဂ) ကျောင်းသူ/သားတို့သည် အတန်းကို အလှည့်ကျသင်ကြားသည်။

ဃ) သင်ခန်းစာမသင်ကြားမီ ကျောင်းသူ/သားတို့သည် ၎င်းတို့၏သင်ယူမှုအတွက် ကိုယ်တိုင်ကိုယ်ကျ တာဝန်ယူသည်။

င) သင်ခန်းစာအတွင်း ဆရာ/မသည် ကျောင်းသူ/သားတစ်ဦးချင်းနှင့်စကားပြောသည်။

စ) သင်ခန်းစာအပြီးတွင် ကျောင်းသူ/သားတို့သည် မည်သည်ကို သင်ယူခဲ့ကြောင်း ပြန်လည်သုံးသပ်ပြီး အသိပညာနှင့်ကျွမ်းကျင်မှုများကို အသုံးချကြသည်။

မေးခွန်း ၃ - စူးစမ်းမှုအခြေပြုသင်ယူမှုဟူသည် အဘယ်နည်း။ (အဖြေတစ်ခုရွေးပါ)

က) ဆရာ/မပေးသောမေးခွန်းများကို ကျောင်းသူ/သားတို့က သုတေသနပြုပြီးဖြေကြားသည်။

ခ) ကျောင်းသူ/သားတို့မေးသောမေးခွန်းကို ဆရာ/မက ဖြေကြားသည်။

ဂ) ခေါင်းစဉ်တစ်ခုအကြောင်း ကျောင်းသူ/သားတို့က ပူးပေါင်းရှာဖွေသည်။ ခေါင်းစဉ်အတွက် မေးခွန်းများ၊ အပိုင်းကဏ္ဍများကို ရွေးချယ်ရှာဖွေသည်။

မေးခွန်း ၄ - ပြဿနာအခြေပြုသင်ယူမှုဟူသည် အဘယ်နည်း။ (အဖြေတစ်ခုရွေးပါ)

က) ကျောင်းသူ/သားများက ဖတ်စာတစ်အုပ်၊ လေ့ကျင့်ခန်းစာရွက်တစ်ရွက်မှ ပြဿနာအဖြေရှာသည့်မေးခွန်းတိုများကို ဖြေကြားသည်။

ခ) ပြဿနာအခြေပြုမေးခွန်းများကို ကျောင်းသူ/သားများသည် ဆရာ/မကပြသသည့် နည်းလမ်းများကိုသာသုံးပြီး ဖြေရှင်းရန်လေ့ကျင့်သည်။

ဂ) လက်တွေ့ဘဝမှ ပြဿနာတစ်ရပ်ကို ကျောင်းသူ/သားများ မကြာခဏ ပူးပေါင်းဖြေရှင်းသည်။ ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းချက်များကို သုတေသနပြု သုံးသပ်အကဲဖြတ်ပြီးနောက် ဖြေရှင်းပုံကို တင်ပြပါသည်။

မေးခွန်း ၅ - မည်သည်တို့က စူးစမ်းမှုနှင့်ပြဿနာအခြေပြု သင်ယူမှုနှစ်ခုလုံး၏ လက္ခဏာဖြစ်ပါသနည်း။ (အဖြေလေးခု ရွေးပါ)

က) ဆရာ/မက ကျောင်းသူ/သားတို့ကို ညွှန်ကြားချက်နှင့် ရှင်းလင်းချက်များ ပေးရန်လိုအပ်ပါသည်။

ခ) ဆရာ/မ၏အခန်းကဏ္ဍမှာ ကူညီပံ့ပိုးသူ (သို့) လမ်းညွှန်သူဖြစ်ပါသည်။

ဂ) (ကိုယ်တိုင်စူးစမ်းသည့်) တက်ကြွသော သင်ယူမှုတွင် ကျောင်းသူ/သားတို့ပါဝင်ပါသည်။

ဃ) ဆရာ/မ၏အခန်းကဏ္ဍမှာ နည်းပြရန်ဖြစ်ပါသည်။

င) ကျောင်းသူ/သားတို့သည် ဝေဖန်ပိုင်းခြားတွေးခေါ်မှု ကျွမ်းကျင်မှုများ၊ ဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးမှုတို့ကို သုံးရပါမည်။

စ) ကျောင်းသူ/သားအားလုံး တစ်ခုတည်းအတူတူလုပ်နေပါသည်။

ဆ) ကျောင်းသူ/သားတို့သည် မိမိတို့ နောက်ထပ်ဘာဆက်လုပ်ရမည်၊ ဘာကို ပိုမိုကောင်းမွန်တိုးတက်အောင်လုပ်ရမည်ဟူ၍ တိုးတက်မှုကို ပြန်လည်သုံးသပ်ခြင်း၊ ကိုယ်တိုင်အကဲဖြတ်ခြင်း လုပ်ရပါမည်။

မေးခွန်း ၆ - QFT မေးခွန်းရေးနည်း သုံးခြင်း၏ အကျိုးကျေးဇူးများမှာ အဘယ်နည်း။ (အဖြေသုံးခုရွေးပါ)

က) သင်ယူမှုတွင် ကျောင်းသူ/သားတို့ မေးခွန်းအမြောက်အများမေးကာ စူးစမ်းလိုစိတ်ရှိလာအောင် အားပေးသည်။

ခ) ကျောင်းသူ/သားတို့ သင်ခန်းစာအတွက် မေးခွန်းထုတ်သောကြောင့် ဆရာ/မမှ လုပ်ရန်မလိုတော့ပါ။

ဂ) အကောင်းဆုံးမေးခွန်းများကိုရွေးရန် ကျောင်းသူ/သားတို့သည် အမြင့်ပိုင်းအတွေးအခေါ် ကျွမ်းကျင်မှုများဖြစ်သည့် ပိုင်းခြားစိတ်ဖြာမှု၊ သုံးသပ်အကဲဖြတ်မှုတို့ကို သုံးကြသည်။

ဃ) ကျောင်းသူ/သားတို့ ဖြေဆိုရန် ပိုမိုလွယ်ကူသော မေးခွန်းများကို ကိုယ်တိုင်ပေးနိုင်သည်။

င) ကိုယ်တိုင်ကိုယ်ကျ မေးခွန်းထုတ်ခြင်းဖြင့် မိမိတို့သင်ယူမှုတွင် ကျောင်းသူ/သားတို့ကိုယ်တိုင်တက်ကြွစွာပါဝင်ကြသည်။

Funded by: UKaid

Towards Results in Education & English

## သင်ရိုးပိုင်း ၇ အဆုံးသတ်ပဟေဠိ အဖြေ

အဖြေကို**စာလုံးမည်း**ဖြင့်ပေးထားသည်။

မေးခွန်း ၁ - ပြောင်းပြန်သင်ကြားသည့်စာသင်ခန်းဟူသည်အဘယ်နည်း။

**ခ) သင်ခန်းစာပါ အသိပညာနှင့်ကျွမ်းကျင်မှုများကို အသုံးချဆွေးနွေးနိုင်ရန် သင်ယူမှုပစ္စည်းများကို ကျောင်းသူ/သားတို့ ကြိုတင် သင်ခန်းစာမတိုင်မီ ကြိုတင်လေ့လာကြသည်။**

**ရှင်းလင်းချက် -** ပြောင်းပြန်သင်ကြားသည့် စာသင်ခန်းတွင် သင်ခန်းစာမတိုင်မီ ကျောင်းသူ/သားတို့ကို စာရွက်စာတမ်း၊ လုပ်ဆောင်ချက်များ ကြိုတင်လေ့လာရန် ပေးထားကြသည်။ ကျောင်းသူ/သားတို့က လေ့လာထားသည်များကို သင်ခန်းစာတွင် ပြန်သုံးကြသည်။ သင်ခန်းစာတွင် ၎င်းတို့လေ့လာထားသည်များကို အခြားကျောင်းသူ/သားများ၊ ဆရာ/မတို့နှင့် ဆွေးနွေးကာ မိမိတို့နားလည်မလည်သေချာအောင် မေးခွန်းများမေးကြသည်။ မိမိတို့နားလည်ကြောင်းပြသရန် ကျောင်းသူ/သားတို့သည် သင်ခန်းစာတွင် အသိပညာ၊ ကျွမ်းကျင်မှုတို့ကို အသုံးချပါသည်။

မေးခွန်း ၂ - ပြောင်းပြန်သင်ယူမှုသည် ကျောင်းသူ/သားတို့ကို မည်ကဲ့သို့ တက်ကြွစွာကိုယ်တိုင်သင်ယူစေပါသနည်း။ (အဖြေ သုံးခု ရွေးပါ)

**က) ကျောင်းသူ/သားတို့သည် သင်ခန်းစာတွင် အသိပညာနှင့် ကျွမ်းကျင်မှုတို့ အသုံးချပြီး ဆွေးနွေးချက်၊ လုပ်ဆောင်ချက်တို့တွင် ပါဝင်သည်။**

**ဃ) သင်ခန်းစာမသင်ကြားမီ ကျောင်းသူ/သားတို့သည် ၎င်းတို့၏သင်ယူမှုအတွက် ကိုယ်တိုင်ကိုယ်ကျ တာဝန်ယူသည်။**

**စ) သင်ခန်းစာအပြီးတွင် ကျောင်းသူ/သားတို့သည် မည်သည်ကို သင်ယူခဲ့ကြောင်း ပြန်လည်သုံးသပ်ပြီး အသိပညာနှင့် ကျွမ်းကျင်မှုများကို အသုံးချကြသည်။**

**ရှင်းလင်းချက် -** ပြောင်းပြန်သင်ကြားသည့် စာသင်ခန်းတွင် သင်ခန်းစာမသင်ကြားမီ ကျောင်းသူ/သားတို့က တာဝန်ယူ လေ့လာရပါမည်။ အခြားကျောင်းသူ/သားများ၊ ဆရာ/မများနှင့် ဝေမျှရန် ရရှိထားသည့် အသိပညာ၊ ကျွမ်းကျင်မှုတို့ကို ဆောင်ကျဉ်းလာရပါမည်။ သင်ခန်းစာမတိုင်မီ စိတ်ကြိုက်အချိန်သုံးနိုင်ပါသည်။
သင်ခန်းစာမတိုင်မီ မှတ်သားမှုနှင့်နားလည်မှုကိစ္စ ပြီးစီးခဲ့ပြီဖြစ်၍ သင်ခန်းစာအချိန်တွင် ဆွေးနွေးရန်၊ မေးခွန်းမေးရန်နှင့် အမြင့်ပိုင်းအတွေးအခေါ်များသုံး၍ အသိပညာကိုအသုံးချရန် ကျောင်းသူ/သားတို့ အချိန်ရပါသည်။

မေးခွန်း ၃ - စူးစမ်းမှုအခြေပြုသင်ယူမှုဟူသည် အဘယ်နည်း။ (အဖြေတစ်ခုရွေးပါ)

**ဂ) ခေါင်းစဉ်တစ်ခုအကြောင်း ကျောင်းသူ/သားတို့က ပူးပေါင်းရှာဖွေသည်။ ခေါင်းစဉ်အတွက် မေးခွန်းများ၊ အပိုင်းကဏ္ဍများကို ရွေးချယ်ရှာဖွေသည်။**

**ရှင်းလင်းချက် -** စူးစမ်းမှုအခြေပြုသင်ယူမှုတွင် ဆရာ/မက ခေါင်းစဉ်(သို့)စူးစမ်းမည့်နယ်ပယ်ကို အဆိုပြုပါသည်။ ခေါင်းစဉ်အတွက် ကျောင်းသူ/သားတို့က အုပ်စုဖွဲ့ပြီး မေးခွန်းများကို တိတိကျကျရွေးချယ်ရေးသားပါသည်။ ထို့နောက် မေးခွန်းကို ဖြေကြားရာတွင် အထောက်အကူပြုမည့် အသိပညာနှင့် ကျွမ်းကျင်မှုကို သုတေသနပြု၍ စူးစမ်းရှာဖွေကြ

ပါသည်။ ၎င်းတို့သည် မိမိတို့မေးခွန်းများကို အပြည့်အဝ ဖြေကြားနိုင်ခြင်းရှိမရှိ စစ်ဆေးရန် သုတေသနမှတွေ့ရှိချက်များကို ဆွေးနွေးဝေမျှကြပါသည်။ ထို့နောက် ရှာဖွေတွေ့ရှိချက်များကို တင်ပြကြပါသည်။

မေးခွန်း ၄ - ပြဿနာအခြေပြုသင်ယူမှုဟူသည် အဘယ်နည်း။ (အဖြေတစ်ခုရွေးပါ)

**ဂ) လက်တွေ့ဘဝမှ ပြဿနာတစ်ရပ်ကို ကျောင်းသူ/သားများ မကြာခဏ ပူးပေါင်းဖြေရှင်းသည်။ ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းချက်များကို သုတေသနပြု သုံးသပ်အကဲဖြတ်ပြီးနောက် ဖြေရှင်းပုံကို တင်ပြပါသည်။**

**ရှင်းလင်းချက်** - ပြဿနာအခြေပြုသင်ယူမှုတွင် ဆရာ/မက ကျောင်းသူ/သားများအား ယေဘုယျပြဿနာတစ်ရပ်ကို တင်ပြပါသည်။ ကျောင်းသူ/သားတို့သည် အုပ်စုဖွဲ့ပြီး ပြဿနာကို တိတိကျကျ အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ ပြဿနာ ဖြေရှင်းရာတွင် ဖြေကြားရမည့် မေးခွန်းတို့ကို ရှာဖွေခြင်းတို့ကို ပြုလုပ်ကြပါသည်။ ပြဿနာဖြေရှင်းရန်လိုအပ်သည့် အချက်အလက်များ ရှာဖွေခြင်း၊ ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းချက်များကို သုံးသပ်အကဲဖြတ်ခြင်း၊ အကောင်းဆုံးအဖြေကို ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ပါသည်။ ဖြေရှင်းချက်ကို တင်ပြကြပါသည်။

မေးခွန်း ၅- မည်သည်တို့က စူးစမ်းမှုနှင့်ပြဿနာအခြေပြုသင်ယူမှုနှစ်ခုလုံး၏လက္ခဏာဖြစ်ပါသနည်း။ (လေးခုရွေးပါ)

**ခ) ဆရာ/မ၏ကဏ္ဍမှာ ကူညီပံ့ပိုးသူ (သို့)ညွှန်ပြသူဖြစ်ပါသည်။**

**ဂ) (ကိုယ်တိုင်စူးစမ်းသည့်)တက်ကြွသော သင်ယူမှုတွင် ကျောင်းသူ/သားတို့ပါဝင်ပါသည်။**

**င) ကျောင်းသူ/သားတို့မှ ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးမှုတို့သုံးရပါမည်။**

**ဆ) ကျောင်းသူ/သားတို့မှ - နောက်ထပ်ဘာဆက်လုပ်ရမည်၊ တိုးတက်အောင်လုပ်ရမည်- ဟူ၍တိုးတက်မှုကို သုံးသပ်ခြင်း၊ ကိုယ်တိုင်အကဲဖြတ်မှုလုပ်ရပါမည်။**

မေးခွန်း ၅ - မည်သည်တို့က စူးစမ်းမှုနှင့်ပြဿနာအခြေပြု သင်ယူမှုနှစ်ခုလုံး၏ လက္ခဏာဖြစ်ပါသနည်း။ (အဖြေလေးခု ရွေးပါ)

**ခ) ဆရာ/မ၏အခန်းကဏ္ဍမှာ ကူညီပံ့ပိုးသူ (သို့) လမ်းညွှန်သူဖြစ်ပါသည်။**

**ဂ) (ကိုယ်တိုင်စူးစမ်းသည့်) တက်ကြွသော သင်ယူမှုတွင် ကျောင်းသူ/သားတို့ပါဝင်ပါသည်။**

**င) ကျောင်းသူ/သားတို့သည် ဝေဖန်ပိုင်းခြားတွေးခေါ်မှု ကျွမ်းကျင်မှုများ၊ ဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးမှုတို့ကို သုံးရပါမည်။**

**ဆ) ကျောင်းသူ/သားတို့သည် မိမိတို့ နောက်ထပ်ဘာဆက်လုပ်ရမည်၊ ဘာကို ပိုမိုကောင်းမွန်တိုးတက်အောင်လုပ်ရမည်ဟူ၍ တိုးတက်မှုကို ပြန်လည်သုံးသပ်ခြင်း၊ ကိုယ်တိုင်အကဲဖြတ်ခြင်း လုပ်ရပါမည်။**

**ရှင်းလင်းချက်** - စူးစမ်းမှုအခြေပြုနှင့်ပြဿနာအခြေပြုသင်ယူမှုတို့ ဆင်ဆင်တူပါသည်။ အာရုံစိုက်ရာသာလျှင် ခြားနားပါသည်။ စူးစမ်းမှုအခြေပြုသင်ယူမှုသည် အကြောင်းအရာတစ်ခု၏ အပိုင်းကဏ္ဍများကို ဦးတည်ရှာဖွေပြီး ပြဿနာ အခြေပြုသင်ယူမှုသည် အဖြေရှာမှုကိုစူးစိုက်ပါသည်။

နှစ်မျိုးလုံးတွင် ဆရာ/မက အကြောင်းအရာ(သို့)ပြဿနာတစ်ခုချပေးပြီး ကူညီပံ့ပိုးသူ၊ ညွှန်ပြသူအဖြစ်ဆောင်ရွက်ပါသည်။ ဆရာ/မက ကျောင်းသူ/သားတို့၏ တွေးခေါ်မှုနှင့်တိုးတက်မှုကို မေးခွန်းဖြင့်ထောက်ပေးပါသည်။ ၎င်းတို့သုံးနိုင်မည့် အရင်းအမြစ်များကိုလည်း အကြံပြုပါမည်။

Funded by: UKaid



နှစ်မျိုးလုံးတွင် ကျောင်းသူ/သားတို့သည် အုပ်စုငယ်များတွင် ဆက်သွယ်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး ကျွမ်းကျင်မှုများကို အသုံးပြုကြပါသည်၊ အတွေးအမြင်နှင့်အချက်အလက်တို့ကို နားလည်အောင် ဝေဖန်ပိုင်းခြားတွေးခေါ်သည့်စွမ်းရည်များကို သုံးပြီး တက်ကြွစွာသင်ယူကြသည်။ အတွေးအမြင်သစ်များကိုစူးစမ်းလေ့လာရန်၊ အရင်းအမြစ်သစ်များကိုဖွေရှာရန်၊ ဖြေရှင်းချက်များကိုဖန်တီးရန် ကျောင်းသူ/သားတို့သည် စိတ်ကူးစိတ်သန်းကောင်းကောင်းဖြင့် တွေးရပါမည်။

မေးခွန်း ၆ - QFT မေးခွန်းရေးနည်း သုံးခြင်း၏ အကျိုးကျေးဇူးများမှာ အဘယ်နည်း။ (အဖြေသုံးခုရွေးပါ)

**က) သင်ယူမှုတွင် ကျောင်းသူ/သားတို့ မေးခွန်းအမြောက်အများမေးကာ စူးစမ်းလိုစိတ်ရှိလာအောင် အားပေးသည်။**

**ဂ) အကောင်းဆုံးမေးခွန်းများကိုရွေးရန် ကျောင်းသူ/သားတို့သည် အမြင့်ပိုင်းအတွေးအခေါ် ကျွမ်းကျင်မှုများဖြစ်သည့် ပိုင်းခြားစိတ်ဖြာမှု၊ သုံးသပ်အကဲဖြတ်မှုတို့ကို သုံးကြသည်။**

**င) ကိုယ်တိုင်ကိုယ်ကျ မေးခွန်းထုတ်ခြင်းဖြင့် မိမိတို့သင်ယူမှုတွင် ကျောင်းသူ/သားတို့ကိုယ်တိုင်တက်ကြွစွာပါဝင်ကြသည်။**

**ရှင်းလင်းချက်** - QFT မေးခွန်းရေးနည်းသည် မေးခွန်းများကို ထုတ်ရန်၊ ပိုကောင်းစေရန်နှင့် ဦးစားပေးသတ်မှတ်ရာတွင် အထောက်အကူပြုစေရန် နည်းလမ်းတစ်ခုဖြစ်ပါသည်။ ဤနည်းသည် စာသင်ခန်းတွင်းတွင် မေးခွန်းများကို ပိုမိုကောင်းမွန်စွာ မေးစေနိုင်ပြီး ကျောင်းသူ/သားတို့ မေးခွန်းများကိုပိုမေးနိုင်ရန်နှင့် ပိုမိုကောင်းမွန်စွာမေးနိုင်စေရန် အထောက်အကူပြုပါသည်။ မေးခွန်းမေးခြင်းဖြင့် သင်ယူနိုင်သောကြောင့် ကျောင်းသူ/သားတို့ မေးခွန်းမေးရန် အားပေးခြင်းသည် အရေးကြီးပါသည်။ မေးခွန်းမေးခြင်းဖြင့် မိမိတို့သင်ယူမှုတွင် ကိုယ်တိုင်ကိုယ်ကျ တက်တက်ကြွကြွပါဝင်စေနိုင်ပါသည်။

ကျောင်းသူ/သားတို့နှင့် QFT မေးခွန်းရေးနည်းသုံးရာတွင်

၁. မေးခွန်း များနိုင်သလောက်များများ မေးခြင်းဖြင့် မေးခွန်းက အဓိကထားမည့်အရာကို ဦးတည်ပါ။

၂. မေးခွန်းများကို လေ့လာပြီး ပိုမိုကောင်းမွန်အောင်ပြုပြင်ခြင်းဖြင့် ပိုရှင်းလင်းအောင်လုပ်ပါ။

၃. မေးခွန်းများကို သုံးသပ်အကဲဖြတ်ပြီး အကောင်းဆုံး ၃ ခုကို ရွေးပါ။

၄. မေးခွန်းဖြေဆိုရန် စီစဉ်ပါ။

၅. ထိုအစီအစဉ်ကို အကောင်အထည်ဖော်ပါ။

၆. ကျောင်းသူ/သားတို့ အဖြေကိုပြန်လည်သုံးသပ်ပါ - ယခု နောက်ထပ် မေးခွန်းများရှိပါသလား။

Implemented by: British Council, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

# မိမိ၏ကျောင်းသူ/သားများအတွက် သတ္တမကတိ

1 **စီစဉ်ပါ** — စာသင်ခန်းအတွင်း ဤသင်ရိုးပိုင်းမှ မိမိသုံးမည့် အားလုံးအကျုံးဝင် အလေ့အကျင့် အတွေးအမြင်တစ်ခုအကြောင်းကို **စဉ်းစားပါ**။

2 **လုပ်ဆောင်ပါ** — အားလုံးအကျုံးဝင်အလေ့အကျင့်ကို နောက် 'x'အပတ်အတွင်း တိုးတက်အောင်လုပ်မည်ဟု မိမိ၏ကျောင်းသူ/သားများကို **ကတိပေးပါ**။

3 **ပြန်လည်သုံးသပ်ပါ** — 'x' အပတ်အတွင်း မိမိ၏အတွေးအမြင်များကြောင့် အလေ့အကျင့် တိုးတက်လာခြင်း ရှိမရှိ ကျောင်းသူ/သားနှင့်အတူ **သုံးသပ်အကဲဖြတ်ပါ**။

**သင်ယူမှုဂျာနယ်ရှိ 'ကတိများ'အပိုင်းတွင် သင့်သတ္တမကတိကိုထပ်ထည့်ပါ။**

**သင်ရိုးပိုင်းတစ်ပိုင်းစီတွင် ကျောင်းသူ/သားတို့ထံပေးသည့် ကတိတစ်ခုစီရှိပါမည်။ စုစုပေါင်း ကတိ ၁၅ ခု ပေးရပါမည်။**

Implemented by: British Council, The Open University, VSO, Montrose

## References

Anderson, L W, & Krathwohl D R (Eds.) (2001) Revised Bloom's Taxonomy: Finest techniques of Educational Learning.
https://sxcjcomputerscience.blogspot.com/search/label/%E2%80%9CRevised%20Bloom%E2%80%99s%20Taxonomy%3A%20Finest%20techniques%20of%20Educational%20Learning%E2%80%9D

Flipped Classroom Explanation (2014)
Available online at:
https://www.youtube.com/watch?v=RD7E9IULn0Y

Flipped Learning Network (FLN). (2014) The Four Pillars of F-L-I- P. What is flipped learning?
Available online at:
https://flippedlearning.org/wp-content/uploads/2016/07/FLIP_handout_FNL_Web.pdf

Question Formulation Technique (2020)
Available online at:
https://www.youtube.com/watch?v=VRi7PULO2-o